# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် | ၂၀၂၄ ခုနှစ်၊ ဧပြီ ၁၃ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၉၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဘာသာရေးဆိုသည်မှာ ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးသည်သာဖြစ် ဘာသာရေးကို အမှန်တကယ် ထိထိရောက်ရောက် ရိုးရိုးသားသားဖြင့် ဆောင်ရွက်မည်ဆိုပါက ဒေသအားလုံးတွင် တည်ငြိမ်အေးချမ်းမှုကို များစွာအထောက်အကူပြုစေမည်ဖြစ်သည့် အခြေခံပင်ဖြစ်

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာပေါင်းစုံကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၁၂

ဘာသာပေါင်းစုံကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ နေပြည်တော်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့များ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် အဆောက်အဦများ ဆောက်လုပ်နိုင်ရန် ဗုဒ္ဓဘာသာကိုယ်စားလှယ်တစ်ဦးအား မြေပေးမိန့် ပေးအပ်စဉ်။



# နှစ်ကူးချိန်ခါမင်္ဂလာ

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလ ရောက်ခဲ့ပြန်ပြီဖြစ်သည်။ နက္ခတ္တဗေဒအလိုအရ တနင်္ဂနွေဂြိုဟ်မင်း(နေ)သည် မိန်ရာသီ(တပေါင်းလ)၏ အဆုံးမှ မိဿရာသီ(တန်ခူးလ)၏ အစသို့ ကူးပြောင်းချိန်ကျရောက်ခြင်းဖြစ်ပြီး သင်္ကြန်ကျသည်ဟု ဆိုသည်။ သင်္ကြန်ဟူသော ဝေါဟာရသည် "သင်္ကြန္တ" ဟူသော သက္ကတဘာသာမှ ပြောင်းလဲလာခြင်းဖြစ်သည်ဟူ၍ လည်းကောင်း၊ "သင်္ကန္တ"ဟူသော ပါဠိဘာသာမှ ပြောင်းလဲလာခြင်းဖြစ်သည်ဟူ၍လည်းကောင်း ယူဆကြပြီး အနက်အဓိပ္ပာယ်အားဖြင့် "ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း" သာလျှင် ဖြစ်သည်။ သို့ဖြစ်ရာ သင်္ကြန်သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းပင်ဖြစ်သည်။

စင်စစ်အားဖြင့် နေ၊ လ၊ နက္ခတ်တာရာတို့သာလျှင်မဟုတ် သဘာဝတရားကြီးအတွင်းမှ ရှိရှိသမျှအားလုံးတို့လည်း အတည်မရှိ၊ ကူးနေ၊ ပြောင်းနေကြခြင်းသာ ဖြစ်သည်။ အနန္တစကြဝဠာကြီးနှင့် နှိုင်းယှဉ်ပါက အနည်းငယ်မျှသော အခိုက်အတန့်ကလေးတွင်သာ ရှင်သန်ဖြစ်တည်ခွင့်ရသည့် လူသားတို့အနေဖြင့် တည်မြဲမှုမရှိသည့် သဘာဝဓမ္မ၏သဘောကို မိမိတို့၏ ခန္ဓာကိုယ်ထဲတွင်သာ သတိဖြင့် စူးစိုက်ရှာဖွေကြရန် ဗုဒ္ဓကလမ်းညွှန်ထားသည်။ သို့ရာတွင် လူသားသည် စက္ကန့်မလပ် တရစပ်ပြောင်းလဲနေသည့် မိမိကိုယ်ကိုမေ့လျော့ကာ အပြင်အပမှ အပြောင်းအလဲတို့နောက်သို့သာ တစိုက်စိုက်လိုက်နေကြမြဲ။ အကယ်၍သာ ဆယ်စုနှစ်အနည်းငယ်မျှသာ ရှင်သန်ခွင့်ရသည့် လူ့ဘဝခဏတာကို တန်ဖိုးထားကြမည်ဆိုလျှင် လောကတ္ထစရိယ ခေါ် လူသားလောကကြီးတစ်ခုလုံး၏ အကျိုးနှင့် ဉာတတ္ထစရိယ ခေါ် မိမိနိုင်ငံ၊ မိမိလူမျိုး၏အကျိုးကို သယ်ပိုးခြင်း၊ ဗုဒ္ဓတ္ထစရိယ ခေါ် မိမိကိုယ်ကို ဖြည့်ကျင့်ခြင်းအားဖြင့် ပြည့်ဝသည့်လူသားအဖြစ် ကြိုးပမ်းရှင်သန်နိုင်ကြရန်လိုသည်။

အပူရှိန်ပြင်းသည့် နွေကာလတွင် ပြက္ခဒိန်နှစ်ဟောင်းမှ နှစ်သစ်သို့ ပြောင်းသလို သစ်ပင်ကြီးငယ်တို့တွင်လည်း ရွက်ဟောင်းကြွေကာ ရွက်သစ်တို့ဝေကြသည်။ လောကီလူသားတို့အနေဖြင့်လည်း လာမည့်နှစ်သစ်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန် ရည်စူးစိတ်သန်ကြသည်။ ကံကြမ္မာအဆိုးအညံ့များ ပါရှိမလာစေရန်လည်း နှစ်ကူးကာလတွင် အဓိဋ္ဌာန်ကြသည်။ သင်္ကြန်ကာလအတွင်း ခေါင်းလျှော်ခေါင်းဆေးခြင်း၊ ရေပက်ရေဖျန်းကစားခြင်းတို့က အဆိုးများကင်းပျောက်၍ ကောင်းခြင်းမင်္ဂလာတို့ ရောက်လာစေရန် ရည်သန်၍ ဆေးကြောခြင်းသဘောဖြစ်သည်။ နှစ်ကူးချိန်ခါ မင်္ဂလာအခါသမယတွင် တစ်ဦးနှင့်တစ်ဦး ကြည်နူးစွာ ရေပက်ကစားကြရာတွင် ရေ၏ အေးမြကြည်လင်သော သဘောကဲ့သို့ပင် အများပြည်သူတို့၏ နှလုံးစိတ်ဝမ်း ကြည်လင်အေးမြငြိမ်းချမ်းစေလိုခြင်း၊ ရေ၏ အညစ်အကြေးကို ဆေးကြောနိုင်သည့်သဘောကဲ့သို့ပင် နှစ်ဟောင်းမှ မကောင်းမှုအညစ်အကြေးများကို ဆေးကြောသန့်စင်စေလိုခြင်း၊ ရေသည် အကြားအလပ်မရှိ ပြင်ညီတစ်သားတည်းသောသဘောရှိသည့်အလျောက် လူတစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စည်းလုံးညီညွတ်ချစ်ခင်စွာ နေထိုင်ဆက်ဆံစေလိုခြင်းဟူသော ကောင်းသည့်စေတနာဆန္ဒတို့ကို နှလုံးသွင်းထားကြရန်လည်းဖြစ်သည်။ ရေပက်ကြရာတွင်လည်း အေးမြသန့်စင်ကြည်လင်သောရေ၊ အမွှေးနံ့သာရည်တို့ ရောစွက်သောရေတို့ဖြင့် ယဉ်ကျေးစွာ ပက်ဖျန်းကြရမြဲဖြစ်သည်။

မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်တို့တွင် သင်္ကြန်သည် အဦးဆုံးဖြစ်သလို အစည်ကားဆုံးလည်းဖြစ်သည်။ နှစ်ကူးချိန်ခါကို ကောင်းမှုကုသိုလ်တို့ပြု၍ ဖြတ်သန်းကြရာတွင် ဥပုသ်သီတင်းဆောက်တည်ခြင်း၊ တရားဘာဝနာ စီးဖြန်းခြင်း၊ တရားတော်များနာကြားခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ဘုရားရုပ်ပွားတော်များ၊ စေတီပုထိုး ကျောင်းကန်ဇရပ်များ ရေသပ္ပာယ်ခြင်း၊ သန့်ရှင်းခြင်း၊ ဘိုးဘွားမိဘ ဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ သက်ကြီးဘိုးဘွားများအား ခေါင်းလျှော်၊ ရေချိုး၊ သန့်စင်ပေးခြင်း၊ ဇီဝိတဒါန သက်လွှတ်ပွဲများ ကျင်းပခြင်းတို့ဖြင့် ပျော်ရွှင်မှုကို ကုသိုလ်ကောင်းမှုနှင့်အတူ ပြုကြသည်။ ရာစုနှစ်များနှင့်ချီကာ တည်တံ့လာခဲ့သည့် ရိုးရာယဉ်ကျေးမှုအမွေကို မျက်မှောက်မျိုးဆက်တို့က ယဉ်ကျေးသိမ်မွေ့စွာ လက်ဆင့်ကမ်းဆောင်ယူနိုင်ကြပါစေကြောင်းနှင့် လာမည့်တစ်နှစ်တာနှင့် အနာဂတ်ကာလတစ်လျှောက်လုံးတွင် အမိမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာစည်ပင်ဝပြောပါစေကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးမူဝါဒရေးရာ၊ သုတေသန၊ နိုင်ငံတကာဆက်ဆံရေးနှင့် သင်တန်းဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သက်သက်လှ ကို ယင်းဌာနကြီး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဧပြီ ၁၂

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

# မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ် ၅ ရက်နေ့မှ ၈ ရက်နေ့အထိ ( ၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗီးတက်) မပါဘဲ မမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်း လုံးဝမပြုရ။
(ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်း မပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ် ၅ ရက်နေ့မှ ၈ ရက်နေ့အထိ (၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇၀၀ အချိန်မှ ညနေ ၁၈၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အကြိုလှုပ်ရှားမှု အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဧပြီ ၁၂**

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အကြိုလှုပ်ရှားမှုအဖြစ် **"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့"** အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲများကို တစ်နိုင်ငံလုံးရှိ ဝါသနာရှင်၊ စာပေပညာရှင်များသို့ ဖိတ်ခေါ်ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ဆုရရှိကြသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဦးထိန်လင်း (လင်းအရုဏ်ဦး – ပဲခူး) က ပထမဆု၊ ဒေါက်တာပြည့်ထူး (ပြည့်ထူး – မင်းဘူး) က ဒုတိယဆု၊ ဦးသိန်းဝင်း (သိန်းဝင်း – စီမံ/ဘဏ္ဍာ)က တတိယဆု၊ ဦးဇော်လွင်ဦး (ကိုတူး – သာယာမြိုင်) က နှစ်သိမ့်ဆု (၁) နှင့် ဒေါ်ရွှေရွှေမြင့် (ရွှေလေညင်း) က နှစ်သိမ့်ဆု (၂)တို့ကို ရရှိကြသည်။

ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် မောင်ဥက္ကါလင်းဟန် (ဥက္ကါလင်း – ဟသ်ာတ) က ပထမဆု၊ မောင်သက်ထူးမြင့် (ထူးထူးနောင်)က ဒုတိယဆု၊ မငြိမ်းအေးသူ (ငြိမ်းအေးသူ) က တတိယဆု၊ မဇင်လဲ့ထွေး (ဇင်–ဧရာဝတီ) က နှစ်သိမ့်ဆု (၁) နှင့် မနန်းစောညွန့် (စောငယ်ငယ် – မိုးညှင်း) က နှစ်သိမ့်ဆု (၂) တို့ကို ရရှိကြသည်။

အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုကို ငွေကျပ် ၇ သိန်း၊ တတိယဆုကို ငွေကျပ် ၅ သိန်းနှင့် နှစ်သိမ့်ဆုများကို ငွေကျပ် ၁ သိန်းစီဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ် ၅ သိန်း၊ ဒုတိယဆုကို ငွေကျပ် ၃ သိန်း၊ တတိယဆုကို ငွေကျပ် ၂ သိန်းနှင့် နှစ်သိမ့်ဆုများကို ငွေကျပ် ၁ သိန်းစီဖြင့်လည်းကောင်း ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည့်အစီအစဉ်ကို ဆက်လက်အသိပေး အကြောင်းကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာပေါင်းစုံကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

အစ္စလာမ်ဘာသာရေး အသင်းအဖွဲ့များ၊ဟိန္ဒူဘာသာရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအခမ်းအနားကို နှစ်သစ်ကူးအခါသမယတွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထူးခြားသည့်အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ဘာသာပေါင်းစုံနှင့် ပတ်သက်ပြီး မေတ္တာလက်ဆောင်တစ်ခုပေးချင်သဖြင့် ယခုအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ၅၆သန်းခန့်နေထိုင်ကြပြီး မိရိုးဖလာ ဗုဒ္ဓဘာသာကိုးကွယ်မှု ၉၀ ရာခိုင်နှုန်းခန့်၊ ခရစ်ယာန်ဘာသာကိုးကွယ်သူ ၆ သန်းနီးပါးခန့်၊အစ္စလာမ်ဘာသာကိုးကွယ်သူ ၂ သန်းကျော်ခန့်နှင့် ဟိန္ဒူဘာသာကိုးကွယ်သူ ၅ သိန်းကျော်ခန့်ရှိပြီး အခြားဘာသာများလည်း ကိုးကွယ်သူများ ရှိကြကြောင်း၊ မိရိုးဖလာ ကိုးကွယ်သူများရှိသကဲ့သို့ မိဘကြောင့်၊ ဇနီး၊ ခင်ပွန်းကြောင့် ဘာသာပြောင်းလဲ၍ ကိုးကွယ်သူများလည်း ရှိကြောင်း၊ မည်သို့ပင်ဆိုစေ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ အခန်း ၈ ၌ နိုင်ငံသူ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ၊ ပုဒ်မ ၃၆၁၊ ၃၆၂၊ ၃၆၃၊ ၃၆၄ တို့တွင် ဘာသာရေးနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားပြီး ဥပဒေအရ အာမခံချက် ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံသူနိုင်ငံသားများ၏ စိတ်ထဲတွင် ဥပဒေအရ ပြဋ္ဌာန်းသည်ဖြစ်စေ၊ မပြဋ္ဌာန်းသည်ဖြစ်စေ နိုင်ငံသားတစ်ယောက်အနေဖြင့် ခံယူအပ်သည့် သဘောထားဟု ယူဆကြောင်း။

စာမျက်နှာ ၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကက်သလစ်ခရစ်ယာန်ဘာသာကိုယ်စားလှယ်တစ်ဦးအား မြေပေးမိန့်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ်ခြင်းခရစ်ယာန်ဘာသာကိုယ်စားလှယ်တစ်ဦးအား မြေပေးမိန့်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်္ဂလီကန်ခရစ်ယာန်ဘာသာ ကိုယ်စားလှယ်တစ်ဦးအား မြေပေးမိန့်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆွန်နီအစ္စလာမ်ဘာသာကိုယ်စားလှယ်တစ်ဦးအား မြေပေးမိန့်ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ ဘာသာပေါင်းစုံအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

ဘာသာရေး ဆိုသည်မှာ ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးသည်သာ ဖြစ်ကြောင်း၊ ဘာသာရေးကို အမှန်တကယ် ထိထိရောက်ရောက် ရိုးရိုးသားသားဖြင့် ဆောင်ရွက်မည်ဆိုပါက ဒေသအားလုံးတွင် တည်ငြိမ်အေးချမ်းမှုကို များစွာ အထောက်အကူပြုစေမည် ဖြစ်သည့် အခြေခံပင်ဖြစ်ကြောင်း၊ ဘာသာတရားများ၏ အခြေခံအားလုံးတွင် အဆိုပါအချက်များ ဖော်ပြထားသည်ကို တွေ့ရမည် ဖြစ်ကြောင်း။

**အသိအမှတ်ပြု**

နိုင်ငံတော်အနေဖြင့် မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်မှုအများဆုံးဖြစ်သော်လည်း အခြားဘာသာကိုးကွယ်သူများကိုလည်း အသိအမှတ်ပြုပြီး လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုများကို ရရှိမည်ဟု ယုံကြည်ကြောင်း၊ ကမ္ဘာ့နိုင်ငံများကို ကြည့်ပါကလည်း မိမိတို့နိုင်ငံကဲ့သို့ အခြေအနေမျိုးရှိသည့် နိုင်ငံများရှိသကဲ့သို့ ဘာသာတစ်ခုတည်းကိုသာ အခွင့်အရေးပေးပြီး အခြားဘာသာရေးများကို အခွင့်အရေးမပေးသည့် နိုင်ငံများလည်းရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှီယာအစ္စလာမ်ဘာသာကိုယ်စားလှယ်တစ်ဦးအား မြေပေးမိန့် ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိန္ဒူဘာသာကိုယ်စားလှယ်တစ်ဦးအား မြေပေးမိန့် ပေးအပ်စဉ်။

အချို့နေရာများတွင် ဘာသာရေးအရ ပဋိပက္ခများဖြစ်ပွားပြီး ဘာသာရေးအရ တည်ငြိမ်မှု ပျက်ပြားခဲ့သည်များ ရှိကြောင်း၊ အလားတူ ဒေသအလိုက်တွင်လည်း ဘာသာရေးအရဖြစ်ပွားသည့် ပဋိပက္ခများကို ထိန်းသိမ်းရန် ခက်ခဲသည်ကို တွေ့ရကြောင်း၊ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ဘာသာရေးအရဖြစ်ပွားခဲ့သည့် ပဋိပက္ခများ နှစ်ပေါင်းများစွာဖြစ်ခဲ့ကြောင်း၊ မိမိခံယူချက်အရ ပြောရမည်ဆိုပါက ဘာသာရေးကို အကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှားမှု၊ ယုံကြည်မှုပျက်ပြားမှုများမဖြစ်အောင် လုပ်သင့်သည်ဟု ယုံကြည်ကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးကာလတွင် ဘာသာရေးကို အကြောင်းပြုပြီး ဖြစ်ခဲ့သည့် ဖြစ်စဉ်များလည်းရှိခဲ့ပြီး အဆိုပါဒေသအတွင်းရှိပြည်သူများအနေဖြင့် မကောင်းသည့် အကျိုးကို ပိုမိုထိခိုက်ခံစားခဲ့ရကြောင်း၊ ထို့ကြောင့် အဆိုပါ ဘာသာရေးဆိုင်ရာ ပဋိပက္ခများ မရှိအပ်ဟု ယုံကြည်ကြောင်း။

◆ **နိုင်ငံတော်အနေဖြင့် မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်မှုအများဆုံး ဖြစ်သော်လည်း အခြားဘာသာကိုးကွယ်သူများကိုလည်း အသိအမှတ်ပြုပြီး လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုများကို ရရှိမည်ဟု ယုံကြည်**

◆ **မိမိတို့အနေဖြင့် ကိုးကွယ်မှုအလိုက် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အသိအမှတ်ပြုခြင်း၊ တန်းတူရည်တူရှိခြင်းနှင့် အပြန်အလှန်လေးစားသမှုပြုခြင်းများရှိနေသမျှ ပဋိပက္ခများ ကင်းဝေးစေမည်ဖြစ်**

**ပဋိပက္ခများ ကင်းဝေးစေမည်**

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးမဆုံးရှုံးခင်ကာလက မြန်မာနိုင်ငံ၏ မြို့တော်မှာ မန္တလေးမြို့ဖြစ်ကြောင်း၊ ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်းဆက်ဖြစ်သည့် မင်းတုန်းမင်းခေတ်ကာလအထိ နိုင်ငံ့ခေါင်းဆောင်များက သာသနာပြုနှင့်ပတ်သက်၍ ချီးမြှင့်ခဲ့သည့် အစဉ်အလာကိုတွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ကိုးကွယ်မှုအလိုက် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အသိအမှတ်ပြုခြင်း၊ တန်းတူရည်တူရှိခြင်းနှင့် အပြန်အလှန်လေးစားသမှုပြုခြင်းများရှိနေသမျှ ပဋိပက္ခများ ကင်းဝေးစေမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ် ပေးအပ်ခြင်းများ ရှိခဲ့သော်လည်း နိုင်ငံတော်အဆင့် အသိအမှတ်ပြု ချီးမြှင့်ခြင်းများ မတွေ့ရှိရဘဲ အခမ်းအနားများ တက်ရောက်သည်များကိုသာ တွေ့ရှိရကြောင်း။

လွတ်လပ်ရေး ရရှိပြီးချိန်မှ ၂၀၀၈ ခုနှစ်အထိ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ မြို့တော်အဖြစ် တည်ရှိခဲ့ပြီး နောက်ပိုင်းတွင် နေပြည်တော်ကို နိုင်ငံ၏မြို့တော်အဖြစ် ပြောင်းရွှေ့ခဲ့ကြောင်း၊ နေပြည်တော်တွင် ဘာသာရေးဆိုင်ရာနေရာနှင့် အဆောက်အဦများ အထိုက်အသင့်ရှိသည်ကို တွေ့ရကြောင်း၊ မိမိနိုင်ငံတော်တာဝန် စတင်ယူချိန်တွင် ဘာသာရေးဆိုင်ရာ အချို့အခမ်းအနားများကို နိုင်ငံတော်ကို ကိုယ်စားပြု၍ တက်ရောက်ချီးမြှင့်ခဲ့ပြီး လိုအပ်ချက်များရှိသည်ကို တွေ့ခဲ့ရကြောင်း၊ ဘာသာရေးဆိုင်ရာ၊ သာသနာတော် ပြန့်ပွားရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် မြေနေရာများ လိုအပ်သည်ကို တွေ့ရကြောင်း၊ အလားတူ နေပြည်တော်ကောင်စီအနေဖြင့်လည်း တင်ပြမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် မြေနေရာများ ချထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပြီး ယနေ့အခမ်းအနား ဖြစ်မြောက်လာခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာနှစ်သစ်ကူး အခါသမယအဖြစ် နှစ်သစ်ကူးလက်ဆောင်အဖြစ် အသိအမှတ်ပြု ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း။

ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်ကြကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် *စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးကို တည်ထား ကိုးကွယ်ခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ်ကိုးကွယ်သည့်နိုင်ငံ၊ နေပြည်တော်သည် ဗဟိုချက်ဖြစ်စေရေး ရည်ရွယ်ချက်ဖြင့် တည်ထား ကိုးကွယ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဘုရားကြီးပရိဝုဏ်နှင့် ဆက်စပ်လျက်ရှိသည့် နေရာများတွင်လည်း ဘာသာရေးဆိုင်ရာများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာနှင့် ပတ်သက်၍ ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ တက္ကသိုလ်တစ်ခု တည်ဆောက်ရန် လျာထားကြောင်း၊ အလားတူ ထေရဝါဒဗုဒ္ဓသာသနာတက္ကသိုလ် တည်ဆောက်ရန် လျာထားကြောင်း၊ အိမ်နီးချင်း အာဆီယံနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဗုဒ္ဓဘာသာကိုးကွယ်သူများ ရှိကြကြောင်း၊ အလားတူ ဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်တော်မူရာနေရာဖြစ်သည့် နီပေါ၊ အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံများသည်လည်း ဗုဒ္ဓဘာသာကိုးကွယ်သည့် နိုင်ငံများဖြစ်သဖြင့် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် ၎င်းတို့၏ နိုင်ငံကိုယ်စားပြုသည့် ကျောင်းများ လာရောက် တည်ဆောက်လိုပါက တည်ဆောက်နိုင်ရေး နေရာလျာထား ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်တွင်းရှိ ထေရဝါဒဗုဒ္ဓဘာသာများအတွက်လည်း သင့်လျော်သည့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များ တည်ဆောက်လိုပါကလည်း ခွင့်ပြုပေးရန် နေရာများသတ်မှတ်ထားပြီးဖြစ်ကြောင်း။

### အတူတကွယှဉ်တွဲနေထိုင်

နေပြည်တော်ကောင်စီနယ်မြေသည် ဘာသာပေါင်းစုံအတူတကွယှဉ်တွဲနေထိုင်ပြီး ငြိမ်းချမ်းစွာဖြင့် နေထိုင်နိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း၊ နေပြည်တော်တွင် ခရစ်ယာန်ဘာသာဝင်၊ အစ္စလာမ်ဘာသာဝင်နှင့် ဟိန္ဒူဘာသာဝင်များ နည်းပါးကြောင်း၊ တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် ဘာသာပေါင်းစုံ နေထိုင်သည့် နေရာတစ်ခုဖြစ်အောင် ဆောင်ရွက်ပြီး နေပြည်တော်အား ဘာသာပေါင်းစုံကို ကိုယ်စားပြုသည့် နေရာတစ်ခုဖြစ်အောင် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးချိန်ကတည်းက လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားလျက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်လာကြသည့် ဘာသာပေါင်းစုံအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

ရှိသည်မှာ ယနေ့အချိန်အထိပင် ဖြစ်ကြောင်း၊ အဓိကအားဖြင့် နိုင်ငံရေး အယူအဆ၊ တိုင်းရင်းသားရေး အယူအဆများပေါ်တွင် မူတည်၍ ဖြစ်ပေါ်လာသည့် ပဋိပက္ခများဖြစ်ကြောင်း၊ အဆိုပါ ပဋိပက္ခများကို ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) တွင် နိုင်ငံရေးအရ လွတ်လပ်ခွင့်နှင့် ဘာသာရေးအရ လွတ်လပ်ခွင့်များကို ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများမှာ နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပြဿနာများကို နိုင်ငံရေးအရ ဖြေရှင်းခြင်းမရှိဘဲ ပြည်ပမှ နိုင်ငံရေးအရ သွေးထိုးလှုံ့ဆော်မှု၊ တိုင်းရင်းသားရေးအရ သွေးထိုးလှုံ့ဆော်မှုနှင့် ဘာသာရေးအရ သွေးထိုးလှုံ့ဆော်မှုများကြောင့် အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်လာခြင်းဖြစ်ကြောင်း၊ အဆိုပါ ဖြစ်ပေါ်နေသည့် ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ပြည်သူပြည်သားတိုင်း သက်ဆိုင်ရာ ဘာသာတရားများ အလိုက် ဘာသာရေး အသိများ ရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ လူများ၏ အသိများကို ပြုပြင်နိုင်သည်မှာ ဘာသာရေးအသိပင်ဖြစ်ကြောင်း။

မိမိတို့၏ အန္တိမရည်မှန်းချက်သည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးအတွက် လူတိုင်း လူတိုင်းသည် တရားဥပဒေနှင့်အညီ လုပ်ကိုင်စားသောက်၍ အေးချမ်းစွာဖြင့် အတူတကွယှဉ်တွဲနေထိုင်လိုသည့် စိတ်ဓာတ်မျိုးရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ တစ်ဖက်သို့ အစွန်းရောက်မည်ဆိုပါက တစ်ဖက်နှင့်တစ်ဖက် လွန်ဆွဲရုန်းကန်နေမည်ဖြစ်ပြီး ခွန်အားများ ကုန်ဆုံးနေမည်ဖြစ်ကာ သာယာဝပြောမှုသည်လည်း ဖြစ်လာနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ဘာသာပေါင်းစုံအသင်းအဖွဲ့များအနေဖြင့် အလေးအနက်ထား၍ ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိ၏ ရည်ရွယ်ချက်သည် နေပြည်တော်ကို ဗဟိုပြု၍ တိုင်းပြည်သာယာဝပြောရေးကို ဘာသာရေးပိုင်းဆိုင်ရာမှ ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ တာဝန်ရှိသူများ၊ နိုင်ငံသူနိုင်ငံသားများအနေဖြင့်လည်း တရားဥပဒေစိုးမိုးရေးကို ဒီမိုကရေစီ အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြမည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

### စေတနာထား၍ဆောင်ရွက်

မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများသည် ကြိုးစားလိုစိတ်နှင့် အရည်အချင်းရှိသည့်၊ ဉာဏ်ရည်ထက်မြက်မှုရှိသည့်သူများဖြစ်ပြီး ပညာရှိ အကျော်အမော်များစွာ ပေါ်ထွန်းခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ယင်းကို ဆက်လက်ထိန်းသိမ်းရန်နှင့် ပိုမိုတောက်ပလာစေရေးအတွက် ဆောင်ရွက်ပေးရန်မှာ လက်ရှိပစ္စုပ္ပန်တွင် နေထိုင်လျက်ရှိသည့် မိမိတို့၏ တာဝန်ပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏ အနာဂတ်ကို ကောင်းစေလိုပါက တိုင်းပြည်တွင် နေထိုင်ကြသူများ၏ အသိ၊ ပညာ၊ စိတ်ဓာတ်များ ကောင်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး တိုင်းပြည်အပေါ်တွင် စေတနာထား၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဘာသာရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့်လည်း ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် မိမိအနေဖြင့် မေတ္တာရပ်ခံလိုကြောင်း၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများအနေဖြင့်လည်း တိုင်းပြည်ကို မည်သို့ကောင်းအောင် ဆောင်ရွက်မည်ဆိုသည့်စိတ်ဖြင့် စေတနာထား၍ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘာသာရေးအသင်းအဖွဲ့များအတွက် ဘာသာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် အဆောက်အဦများ ဆောက်လုပ်နိုင်ရန်အတွက် မြေပေးမိန့်များကို ပေးအပ်ရာ ဗုဒ္ဓဘာသာကိုယ်စားလှယ်၊ ကက်သလစ်ခရစ်ယာန်ဘာသာကိုယ်စားလှယ်၊ နှစ်ခြင်းခရစ်ယာန်ဘာသာကိုယ်စားလှယ်၊ အင်္ဂလီကန် ခရစ်ယာန်ဘာသာကိုယ်စားလှယ်၊ ဆွန်နီအစ္စလာမ်ဘာသာကိုယ်စားလှယ်၊ ရှီယာအစ္စလာမ်ဘာသာ ကိုယ်စားလှယ်၊ ဟိန္ဒူဘာသာကိုယ်စားလှယ်တို့က လက်ခံရယူကြသည်။

### ကျေးဇူးတင်စကားများ ပြန်လည်ပြောကြား

ယင်းနောက် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများအလိုက် တာဝန်ရှိသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ မြန်မာ့ရိုးရာ နှစ်သစ်မင်္ဂလာ အခါသမယတွင် မိမိတို့ဘာသာပေါင်းစုံ အသင်းအဖွဲ့များအား နှစ်သစ်မေတ္တာလက်ဆောင်မွန်ကို ပေးအပ်ချီးမြှင့်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ဘာသာရေး အသင်းအဖွဲ့များအပေါ် ယခုကဲ့သို့ နိုင်ငံတော်အဆင့် ချီးမြှင့်ပေးအပ်သည့်အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များသည်ယခုအခမ်းအနားသို့ နိုင်ငံတော်မှ စီစဉ်ပေးသည့်လေယာဉ်တစ်စင်းတည်းဖြင့် လာရောက်ကြခြင်းဖြစ်ကြောင်း၊ အားလုံး အတူတကွဆုံစည်း၍ လာရောက်တွေ့ဆုံရခြင်းသည် လွန်စွာကြည်နူးဖွယ်ရာနှင့် အေးချမ်းသည့် အခိုက်အတန့်ပင်ဖြစ်ပြီး မိမိတို့အားလုံး အတူတကွ ပေါင်းစည်းသည့် အင်အားဖြင့် မိမိတို့ တိုင်းပြည်၏ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုတို့ကို ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့သည် မြန်မာနိုင်ငံပေါ်တွင် နေထိုင်ကြသူ မြန်မာနိုင်ငံသားများ ဖြစ်သည့်အတွက် အမိမြန်မာနိုင်ငံတော်ကြီး၏အကျိုးကို အတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပြီး မိမိတို့ဘာသာရေးအသင်းအဖွဲ့များအနေဖြင့်လည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကိုးကွယ်မှု ဘာသာတရားများ မတူကွဲပြားလျက်ရှိသော်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ ဘာသာဝင်များအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့တွင် တစ်စိတ်တည်း၊ တစ်ဝမ်းတည်းရှိနေရမည်မှာ အမှန်တရားပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မိမိတို့ဘာသာရေး အသင်းအဖွဲ့များအတွက် မြေနေရာများ ပေးအပ်ချီးမြှင့်ခြင်းကြောင့် မတူကွဲပြားသော ဘာသာဝင်များအားလုံး အတူယှဉ်တွဲကိုးကွယ်နိုင်ရေးအတွက် စည်းလုံးညီညွတ်ခြင်း ပြယုဂ်ဖြစ်သော ဘာသာရေး အဆောက်အဦများ တစ်စုတစ်ဝေးတည်း ပေါ်ပေါက်လာတော့မည်ဖြစ်ပါသဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ဘာသာပေါင်းစုံအသင်းအဖွဲ့များမှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ကျေးဇူးတင်စကားများ ပြောကြားကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ဘာသာပေါင်းစုံအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသည့် ဘာသာပေါင်းစုံအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဘာသာပေါင်းစုံကိုယ်စားလှယ်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၁၂

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ကိုယ်စားလှယ် ကိုးဦး၊ ခရစ်ယာန်ဘာသာရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ် ၁၄ ဦး၊ အစ္စလာမ်ဘာသာရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ် ၁၂ ဦး၊ ဟိန္ဒူဘာသာရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ် လေးဦး စုစုပေါင်း ဘာသာပေါင်းစုံ ကိုယ်စားလှယ် ၃၉ ဦးတို့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွား တော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့ နေ့လယ်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။**

### ရှင်းလင်းဖြေကြား

ဦးစွာ အဆိုပါဘာသာပေါင်းစုံ ကိုယ်စားလှယ် အဖွဲ့အား မော်ကွန်းတိုက်၌ မာရဝိဇယ ဘုရားကြီး တည်ထားကိုးကွယ် ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထား ပူဇော်နိုင်ခဲ့မှု၊ ကျောက်စာရုံ စေတီတော်များ တည်ထား ဆောင်ရွက်ခဲ့မှု၊ သာသနာရေးဆိုင်ရာ အခမ်းအနား ကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေများနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့မှုများကို ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် မော်ကွန်းတိုက်အတွင်း ခင်းကျင်းပြသထားသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ် ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည့် မဟာမင်္ဂလာ အခမ်းအနားများတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးတည်ဆောက်ထားသော ဆင်းတုတော်ကြီး ပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုးလက်ရာ ပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း မြန်မာမှုဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထား ပူဇော်ထားရှိသည့် အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီးအား သွားရောက်လေ့လာကြည့်ရှုကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

### လေ့လာကြည်ညို

ယင်းနောက် ဘာသာပေါင်းစုံ ကိုယ်စားလှယ်များသည် ကျောက်စာရုံစေတီတော်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

အလားတူ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသူအား လူမှုဖူလုံရေး အကျိုးခံစားခွင့်ပေးအပ်

**မန္တလေး ဧပြီ ၁၂**

မန္တလေး ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင် မှတ်ပုံတင်ထားသူအား လူမှုဖူလုံရေး အကျိုးခံစားခွင့်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မဟာအောင်မြေခရိုင် လူမှုဖူလုံရေးရုံး၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက လူမှုဖူလုံရေးနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အကျိုးဝင် မှတ်ပုံတင်ထားသည့် မန္တလေးမြို့ CB Bank (အထက်မြန်မာပြည်) မှ အာမခံအလုပ်သမား ဦးသန့်ဇင်ကျော်အား အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုအတွက် ငွေကျပ် ၄၂၃၃၆၀၀ နှင့် ဆေးဖိုးကုန်ကျစရိတ် ငွေကျပ် ၆၂၄၆၇၉ ကို ပေးအပ်သည်။

အကျိုးဝင် မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမား ဦးသန့်ဇင်ကျော်သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က နေအိမ်ဖြစ်သည့် ကျောက်ဆည်မြို့ မြို့ဦးရပ်ကွက်နေအိမ်မှ မန္တလေးမြို့ ၇၃လမ်းရှိ CB Bankသို့အသွား ၇၈ လမ်း၊ သိပ္ပံလမ်းမီးပွိုင့် တောင်ဘက် ဓာတ်ဆီဆိုင်အနီးတွင် ထော်လာဂျီယာဉ်နှင့် တိုက်မိပြီး ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ရာ ယာဘက်ခြေထောက် ဒူးခေါင်းအောက်နေရာမှစတင်၍ ခြေထောက် ဖြတ်ပစ်ခဲ့ရခြင်းကြောင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပုဒ်မ – ၅၈(ခ)အရ အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုအဖြစ် သတ်မှတ်ပြီး အမြဲတမ်းလုပ်အားဆုံးရှုံးမှု ၅၀ရာခိုင်နှုန်း၏ ခုနစ်နှစ်စာအတွက် ငွေကျပ် ၄၂၃၃၆၀၀ နှင့် ဆေးဖိုးကုန်ကျစရိတ်ငွေကျပ် ၆၂၄၆၇၉ စုစုပေါင်း ငွေကျပ် ၄၈၅၈၂၇၉ ကို ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးက ပေးအပ်ခြင်းဖြစ်ကာ အဆိုပါရုံးအနေဖြင့် (၄/၂၀၂၄)လအတွက် အကျိုးခံစားခွင့် ငွေကျပ် ၂၅၇၅၆၈၆၂ ကို ခွင့်ပြုထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

မောင်အေးချမ်း




# အမျိုးသားစာပေတစ်သက်တာဆုနှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် ဆရာကြီး ဒေါက်တာ ဦးသန်းဦးအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၂**

ဝဏ္ဏကျော်ထင် ဆရာကြီး ဒေါက်တာဦးသန်းဦး၏ ဧပြီ ၁၃ ရက်တွင် ကျရောက်သည့် အသက် (၉၆)နှစ်ပြည့်မွေးနေ့ပူဇာမင်္ဂလာ အခမ်းအနားနှင့် အမျိုးသားစာပေတစ်သက်တာဆုနှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိခြင်း ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် လမ်းသစ်လမ်း နေအိမ်မင်္ဂလာ၌ ကျင်းပသည်။

ဦးစွာ ပညာတန်ဆောင်အဖွဲ့နှင့် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန (MLRC) အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်ညိုက ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် ဆရာကြီး ဒေါက်တာ သန်းဦးအား တပည့်များက ကန်တော့ကြပြီး ဆရာကြီးက မေတ္တာပို့ ဆုပေးစကားပြောကြားသည်။(ယာပုံ)

ဆရာကြီး ဒေါက်တာ ဦးသန်းဦးအား မြန်မာတစ်နိုင်ငံလုံးရှိ တပည့်များ၊ ပညာတန်ဆောင်နှင့် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနမိသားစုဝင်အများစုက မိမိရုံးခန်းမ၌ အွန်လိုင်းဖြင့် ပူဇော်ကန်တော့ကြသည်။ ယင်းနောက် အမျိုးသားစာပေတစ်သက်တာဆုရ ဂုဏ်ကိုပူဇော်သောအားဖြင့် ပညာတန်ဆောင်မိသားစုဝင် တပည့်များက ငွေကျပ် သိန်း၂၀၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန မိသားစုဝင် တပည့်များက ဝဏ္ဏကျော်ထင်ဘွဲ့ကို ဂုဏ်ပြုသောအားဖြင့် ငွေကျပ်သိန်း ၂၀ ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ဂုဏ်ပြုခံဆရာကြီးက ဝမ်းမြောက်ကြည်နူးစွာ မုဒိတာစကားပြန်လည်ပြောကြားပြီး ပညာတန်ဆောင်မိသားစုဝင် တပည့်များ၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန မိသားစုဝင်တပည့်များအား သကြ်န်အကြိုစားသောက်ဖွယ်များဖြင့် ကျွေးမွေးဒါနပြုခဲ့ကြောင်း သိရသည်။ **အာကာလင်း**



# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်အကြိုပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၁၂**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်းတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည့် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် အကြိုပွဲသို့ တက်ရောက်၍ ဝန်ထမ်းများ၏ သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ဝန်ထမ်းများအတွက်နှစ်သစ်ကူး ကံစမ်းမဲများ ဖောက်ပေးပြီး မြန်မာ့ရိုးရာ မဟာသင်္ကြန် အကြိုပွဲကို အတာရေစင်များ ပက်ဖျန်း၍ ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ယခုနှစ်ကျင်းပသည့် ဝန်ကြီးဌာန မဟာသင်္ကြန်အကြိုပွဲတွင် ပြည်ထောင်စု ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနကိုယ်စားပြု ယိမ်းအဖွဲ့တို့က မြန်မာ့ရိုးရာ သင်္ကြန်အကများဖြင့် ဖျော်ဖြေကြပြီး ဝန်ထမ်းများက နှစ်သစ်ကူး ကံစမ်းမဲများကို ပျော်ရွှင်စွာ ကံစမ်းကြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများက မဏ္ဍပ်များအလိုက် သင်္ကြန်စတုဒိသာ ကျွေးမွေးဧည့်ခံကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဝန်ထမ်းများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြပြီး နှစ်သစ်ကူး ကံစမ်းမဲများ ဖောက်၍ ဆုမဲများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများက ချီးမြှင့်ကြသည်။



မြန်မာ့ရိုးရာ မဟာသင်္ကြန် အကြိုပွဲကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအနေဖြင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများအား ချစ်ခင်မြတ်နိုး ထိန်းသိမ်းနိုင်ကြစေရန်၊ ရာသီပွဲတော်အဖြစ် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ နိုင်ကြစေရန်နှင့် မြန်မာ့နှစ်သစ်ကို ကြိုဆိုကြပြီး အားမာန်အပြည့်၊ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံ့တာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြစေရန် ရည်ရွယ်လျက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မဟာသင်္ကြန် အကြို စတုဒိသာ ကျွေးမွေး၍ ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**နေပြည်တော် ဧပြီ ၁၂**

ဥပဒေရေးရာ ဝန်ကြီးဌာန နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများ၏ ၂၀၂၄ ခုနှစ် မဟာသင်္ကြန် အကြို စတုဒိသာ ကျွေးမွေးခြင်းနှင့် ပျော်ပွဲရွှင်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ဥပဒေရေးရာ ဝန်ကြီးရုံးရှေ့၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးက မဟာသင်္ကြန်ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှုကို မဏ္ဍိုင်ပြု၍ သင်္ကြန်ရေ ပက်ဖျန်းခြင်း အလေ့အထနှင့် နှစ်ဟောင်းမှ အညစ်အကြေးများကို ရေစင်ရေသန့်တို့နှင့် ပက်ဖျန်းခြင်းဖြင့် စိတ်ကြည်လင် လန်းဆန်းအေးမြစေရန်ဖြစ်ကြောင်း၊ နှစ်သစ်တွင် ပျော်ရွှင် ကျန်းမာကြပါစေကြောင်း၊ စိတ်သစ်ကိုယ်သစ်ဖြင့် နိုင်ငံ့တာဝန်၊ မိသားစုတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်း၊ ကမ္ဘာသူကမ္ဘာသားအားလုံးနှင့် မြန်မာနိုင်ငံသားအားလုံးလည်း ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးပြီး ချမ်းသာသုခနှင့် ပြည့်စုံကြပါစေကြောင်း နှစ်သစ်ဦး မင်္ဂလာစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များကနှစ်သစ်အတွက် ဆုတောင်းစကားများ ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့်အဖွဲ့သည် ဥပဒေရေးရာ ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ စတုဒိသာ ကျွေးမွေးနေမှုများ၊ သင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများ၊ ၁၀ ဦး ယိမ်းအဖွဲ့၊ ၁၆ ဦး ယိမ်းအဖွဲ့များကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့၌ ယာယီနေရပ်စွန့်ခွာသူများအား ဆန်ရိက္ခာ သုံးလစာ ထောက်ပံ့

**ညောင်လေးပင် ဧပြီ ၁၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ ဝယ်ယူခဲ့သည့် အရန်ဆန်အိတ်များအနက် ညောင်လေးပင်ခရိုင်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူများအား ဆန်ရိက္ခာထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၈ နာရီကစ၍ညောင်လေးပင်မြို့နယ် သာသနာ့ဗိမာန်တော်၌ ပေးအပ်သည်။

ရိက္ခာဆန်များ ပေးအပ်ရာတွင် ဆန်လက်ခံဖြန့်ဖြူးရေးအဖွဲ့ဝင်များက တစ်ဦးချင်းအလိုက် အိမ်ထောင်စု စာရင်းများဖြင့် တိုက်ဆိုင်စစ်ဆေးမှတ်တမ်းတင်ခြင်း၊ ဖြန့်ဝေပြီးစီးမှု အခြေအနေများကို စာရင်းရှိ၊ ထုတ်ပေးပြီးစီးမှု၊ လက်ကျန်စာရင်းရေးဆွဲ၍ စနစ်တကျ ဆောင်ရွက်ပေးပြီး ရပ်ကွက် / ကျေးရွာအုပ်စု ခုနစ်အုပ်စုရှိ ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စု ၁၄၄ စု၊ လူဦးရေ ၇၈၉ ဦးအတွက် ဆန်အိတ် ၇၃၉ အိတ် ၁၆ ပြည် လေးလုံးအား ထောက်ပံ့ပေးအပ်ပြီး ကျန်ရှိသည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စု ၂၁၆၄ စု၊ လူဦးရေ ၁၀၂၅၄ ဦးကို သင်္ကြန်ရုံးပိတ်ရက်ကာလနောက်ပိုင်းတွင် ဆက်လက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ယာယီနေရပ် စွန့်ခွာသူများ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)



မော်လမြိုင်ကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းများကို ဧပြီ ၁၁ ရက်က အမှတ် (၅)ရပ်ကွက် အောင်ဆန်းလမ်းရှိ မြို့မဈေးတွင် ဆောင်ရွက်ခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်က မီးဘေးအန္တရာယ်အရေးပေါ် အခြေအနေဖြစ်ပေါ်လာပါက အလျင်အမြန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ပြီးနောက် လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့စဉ်။
ရဲကိုမောင် (ပြန်/ဆက်)

**မလိုအပ်သော မီးများကို**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပထမအကြိမ် မြန်မာ့ရိုးရာအတာသင်္ကြန် ရေကစားပွဲနှင့် ယိမ်းအကဖျော်ဖြေပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပထမအကြိမ် မြန်မာ့ရိုးရာအတာသင်္ကြန်ရေကစားပွဲနှင့် ယိမ်းအကဖျော်ဖြေပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးသစ်ရှေ့ ရေကစားမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးကိုကိုနှင့်ဇနီး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အတာသင်္ကြန်အကြို နှုတ်ခွန်းဆက်စကား ပြောကြားပြီး ယိမ်းအဖွဲ့များက မြူမှောင်ဝေကင်း သီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယိမ်းအဖွဲ့များကို အတာသင်္ကြန်ရေဖြင့် ပက်ဖျန်းပြီး ရေကစားပွဲကို ဖွင့်လှစ်ပေးသည်။

အတာသင်္ကြန်ရေကစားပွဲတွင် အနုပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဝန်ထမ်းယိမ်းအဖွဲ့များက သင်္ကြန်ယိမ်းအဆိုအကများဖြင့် ဖျော်ဖြေကြပြီး ဌာနများမှ စတုဒိသာမုန့်များ ကျွေးမွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ယိမ်းအဖွဲ့များနှင့် သီဆိုဖျော်ဖြေသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး(ဃာပုံ) ပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။

**သတင်းစဉ်**




# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကြိုအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၂**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနတွင် ၁၃၈၅ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကြိုအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်တောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဟိုတယ်နှင့်ခရီးသွား အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့် ပင်ပန်းမှုများ ပြေပျောက်၊ စိတ်အပန်းပြေစေရန်နှင့် နှစ်သစ်ကူး အကြိုပျော်ရွှင်မှုများ ရရှိစေရန် ယနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခုနှစ် နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ဝန်ကြီးဌာန၏ မိသားစု သင်္ကြန်မဏ္ဍပ်တစ်ခု ပါဝင်တည်ဆောက် ဆင်နွှဲသွားမည်ဖြစ်ပြီး စတုဒိသာကျွေးမွေးဧည့်ခံခြင်း၊ ယိမ်းအဖွဲ့ဖြင့် ကပြဖျော်ဖြေခြင်းများ ပါဝင်မည်ဖြစ်သဖြင့် ဝန်ထမ်းမိသားစုများအားလုံး လာရောက်ပါဝင်ဆင်နွှဲကြစေလိုပါကြောင်း၊ နှစ်သစ်တွင် ယနေ့အခမ်းအနားကို တက်ရောက်လာကြသူများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း စကားပြောကြားသည်။(ဝဲပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ကြီးဌာန၏ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကြိုအခမ်းအနားသို့ တက်ရောက်လာကြသူများကိုသပြေခက်ဖြင့် နှစ်သစ်ကူးအတာရေစင်ပက်ဖျန်းပေးသည်။

ယင်းနောက် ဝန်ကြီးဌာန၏ သင်္ကြန်ယိမ်းအဖွဲ့က ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ပြီး ဌာနခွဲများအလိုက် ဝန်ထမ်းများက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြကာ မြန်မာ့ရိုးရာ အစားအစာများဖြင့် စတုဒိသာကျွေးမွေး ဧည့်ခံကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ကြီးဌာနယိမ်းအဖွဲ့နှင့် အကနည်းပြဆရာမကို အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာပေါင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**သာပေါင်း ဧပြီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ပန်းခင်း(၃) စီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက သာပေါင်းမြို့နယ် အောင်တပ်ကျေးရွာ အောင်သိဒ္ဓိကျောင်းတိုက်၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာအုပ်စုများတွင် အသက် ၁၆ နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ် မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း မရှိသည့် စဉ်ဆက်မပြတ် အမြဲနေထိုင်သူများအား ငါးဦး ကော်မတီဖြင့် စိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်း နေထိုင်သူများအား သက်ဆိုင်ရာ မြို့နယ်များနှင့် ချိတ်ဆက်ညှိနှိုင်း ပယ်ဖျက်၍ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းတို့ကိုကွင်းဆင်း ဆောင်ရွက် ပေးခဲ့ကြောင်းနှင့် နောက်ရက်များတွင်လည်း ကျန်ရှိသည့် ကျေးရွာအုပ်စုများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**



**မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)၌ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် မြို့နယ်မီးသတ်ဒုတိယဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် တပ်ဖွဲ့ဝင်များက သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းသိန်းထွန်းနှင့် ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်သရုပ်ပြမှုကို ဧပြီ ၁၂ ရက်က ဆောင်ရွက်စဉ်။** မြို့နယ်(ပြန်/ဆက်)

■ *ကျောဖုံးမှ*

အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း- ၃ (AIPT – 3) တို့မှ သင်္ဘောလေးစင်းဖြင့် ပြောင်းဖူးစေ့တန်ချိန် ၃၉၅၀၀ တင်ပို့ခဲ့သည်။

အလားတူ အေးရှားဝေါလ်ဆိပ်ကမ်း (AWPT–3) မှ ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲတို့ တင်ဆောင်ထွက်ခွာသွားသည်။ ထို့အပြင် ဧပြီ ၁၃ ရက်တွင် မင်းထက်မင်း (MHM) ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀၊ ဆူးလေဆိပ်ကမ်း (SPW–6) မှ ပြောင်းဖူးစေ့တန်ချိန် ၂၅၀၀၀၊ ဧပြီ ၁၅ ရက်တွင် ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal TMT 1) ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀၊ Yangon International Gateway Terminal (YIGTA) ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၁၄၅၀၀၊ Wilmer Myanmar Port Terminal (WILMAR) ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ တို့ကို ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✪ *ကျောဖုံးမှ*

တစ်ဖက်သတ်ဖိအားပေး ကစားကာ နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ နည်းပြအလွန်ဆို၏ လေဗာကူဆင်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ ၄၂ ပွဲ ရှုံးပွဲမရှိမှတ်တမ်း ဆက်လက်ပိုင်ဆိုင်ခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ယခုပွဲစဉ်တွင် လေဗာကူဆင်အသင်း၏ ဖိအားပေးကစားမှုအောက် အသင်း စွမ်းဆောင်ရည်ပိုင်းဟန်ချက်ပျက်ခဲ့ပြီး ပြိုင်ဘက်အသင်း၏ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်တစ်လျှောက် ခုခံကာကွယ်ခဲ့ရသည်။

ထို့အပြင် ဝက်စ်ဟမ်းအသင်းသည် လေဗာကူဆင်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် တစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။

လေဗာကူဆင် အသင်းက ဝက်စ်ဟမ်း အသင်းဘက်သို့ ဂိုးကန်သွင်းခွင့်ပေါင်း ၃၃ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ၁၃ ကြိမ်တွင် နှစ်ကြိမ် ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

လေဗာကူဆင် အသင်းအတွက် သွင်းဂိုးများကို လူစားဝင်ကစားသမားများဖြစ်သည့် ဟော့ဖ်မန်းနှင့် ဗစ်တာဘိုနီဖေ့စ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ယူရိုပါလိဂ်ကွာတားဖိုင်နယ် ပထမအကျော့မှ ဧပြီ ၁၂ ရက် နံနက် ၁ နာရီခွဲတွင် အခြားသော ပွဲစဉ်များအဖြစ် အေစီမီလန်နှင့် ရိုးမား၊ လီဗာပူးနှင့် အတ္တလန္တာ၊ ဘင်ဖီကာနှင့် မာဆေးလ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်နှင့် ရိုးမားအသင်းပွဲစဉ်တွင် ရိုးမားအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ လီဗာပူးနှင့် အတ္တလန္တာအသင်း ပွဲစဉ်တွင် အတ္တလန္တာအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဘင်ဖီကာနှင့် မာဆေးလ်အသင်း ပွဲစဉ်တွင် ဘင်ဖီကာအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီး အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# နှစ်သစ်မင်္ဂလာ MRTV သင်္ကြန်ပွဲတော်ကျင်းပ



**နေပြည်တော် ဧပြီ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ “နှစ်သစ်မင်္ဂလာ MRTV သင်္ကြန်ပွဲတော်”ကို ယနေ့ ညနေပိုင်းက နေပြည်တော် – တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Portico ၌ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာသီတာဦး၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာ သက်သက်ခိုင်၊ Jeng Phang နော်တောင်တို့နှင့်မိသားစုများ



နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယား K – Pop အနုပညာရှင်များ၊ နာမည်ကျော် မြန်မာတေးသံရှင်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် မိသားစုများသည် ပျော်ရွှင်စွာ အတာရေပက်ဖျန်းကြသည်။

ထို့နောက် Auditorium ခန်းမ၌ ကျင်းပသည့် နှစ်သစ်မင်္ဂလာမဟာသင်္ကြန်ပွဲစဉ်(၃) တေးဂီတဖျော်ဖြေပွဲ (Friday Night Live Show) ရိုက်ကူးတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။**(ဝဲပုံ)**

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် ပြည်ထောင်စုဝန်ကြီးများက ကိုရီးယားရုပ်ရှင် သရုပ်ဆောင်နှင့် K – Pop အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေများ ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ကိုရီးယား K – Pop အနုပညာရှင်များ၊ နာမည်ကျော် မြန်မာတေးသံရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး နှစ်သစ်မင်္ဂလာမဟာသင်္ကြန် ပွဲစဉ်(၃) တေးဂီတဖျော်ဖြေပွဲ (Friday Night Live Show) အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စွမ်းအင်ဝန်ကြီးဌာန၏ ပတ္တမြားရတုအကြို (၃၉)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားနှင့် မြန်မာနှစ်သစ်ကူးအကြိုမိတ်ဆုံစားပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁၂**

စွမ်းအင်ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းမိသားစုအချင်းချင်း ချစ်ခင်ရင်းနှီး၍ စည်းလုံးညီညွတ်မှု ရှိစေရန်၊ စိတ်ဓာတ်ကြံ့ခိုင် ကောင်းမွန်၍ အချင်းချင်းရိုင်းပင်းကူညီတတ်စေရန်၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်များကို ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရေးအတွက်နှစ်သစ်တွင် စိတ်ဓာတ်ခွန်အားများ ပြည့်ဝနေစေရန်နှင့် ၂၀၂၅ ခုနှစ်တွင် ကျရောက်မည့် စွမ်းအင်ဝန်ကြီးဌာန၏ ပတ္တမြားရတုအကြို (၃၉)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားနှင့် မြန်မာနှစ်သစ်ကူးအကြို မိတ်ဆုံစားပွဲအခမ်းအနားကို ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်သည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော စွမ်းအင်ကဏ္ဍကို တာဝန်ယူဆောင်ရွက်နေသောဝန်ကြီးဌာနတစ်ခု ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဝန်ထမ်းများအနေဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းလိုကြောင်း၊ ယနေ့သည် စွမ်းအင်ဝန်ကြီးဌာန၏ ပတ္တမြားရတုအကြို (၃၉) နှစ်မြောက်နေ့ဖြစ်ကြောင်း၊ နိုင်ငံတော်၏စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နောင်တော်များ၏ ကျေးဇူးကို သတိရကြစေလိုကြောင်း၊ နောင်နှစ်များစွာတိုင်အောင် ယခုလို ဝန်ကြီးဌာနကြီး အောင်မြင်စွာ ရပ်တည်နိုင်ရန်အတွက် ဝန်ထမ်းအကြီးအမှူးမှ အောက်ခြေဝန်ထမ်းအထိ တာဝန်ရှိသူတိုင်းက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ မြန်မာနှစ်သစ်ကာလတွင် ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာ၍ စိတ်သစ်လူသစ်ဖြင့် တိုင်းပြည်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်စေလိုကြောင်း၊



မိမိတို့၏ အတတ်ပညာ၊ အသိပညာများကိုအသုံးချ၍ ဝန်ကြီးဌာနနှင့် နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုး ကျေပွန်စွာ တာဝန် ထမ်းဆောင်နိုင်ကြစေလိုကြောင်း နှစ်သစ်ဆုမွန်ကောင်းစကားများ ပြောကြားသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု ယိမ်းအဖွဲ့များကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုငွေများ ချီးမြှင့်ပေးပြီး ဝန်ထမ်းများနှင့်အတူ နံနက်စာလက်ရည်တစ်ပြင်တည်းသုံးဆောင်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အတာရေဖြင့်ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ပါဝင်ဆင်နွှဲမည့် ဝန်ကြီးဌာနမဏ္ဍပ် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၁၂**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်၌ ပါဝင်ဆင်နွှဲရန် ဝန်ကြီးဌာနမဏ္ဍပ် ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ စိတ်ချမ်းမြေ့စွာ ရေကစားနိုင်ရန်အတွက် မဏ္ဍပ်တည်ဆောက်နေမှု၊ စတုဒိသာ ကျွေးမွေးနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ရေပက်လောင်းရန် ပြင်ဆင်ထားမှု၊ ရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ယိမ်းအဖွဲ့များ ဖျော်ဖြေကပြရန် စီစဉ်ထားရှိမှုများ၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဖွဲ့စည်းထားရှိမှု၊ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုများကို လိုက်လံစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာ

# အပြောင်းအလဲမြန်လာတဲ့ ကမ္ဘာကြီးမှာ စစ်ကိုပြင်ထားမှ တော်ကာကျမယ်

မြင့်မြတ်

■ WW I နှင့် WW II စစ်ပွဲကြီးများထက် WW III မှာ နည်းပညာမြင့် လက်နက်ဆန်းများသုံးပြီး လူသားတွေ ပိုပြီးသေကျေကြမယ့်အရေး ထင်ရှားမြင်လာကြသည့်အတွက် တတ်နိုင်သမျှ စစ်ကိုတားဖို့ ကြိုးစားနေသော်ငြား ကျွန်တော်တို့နိုင်ငံ၏ မြန်မာပြည်သူတွေ အနိုင်ကျင့်မခံရအောင်တော့ ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။ အရှေ့နှင့်အနောက် လွန်ဆွဲပွဲမှာ မဟာဗျူဟာမြောက် ခတ်ကွင်းအကျဆုံးဖြစ်နေရသည့် မိမိနိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ဘယ်လိုအရာတွေက ခြိမ်းခြောက်လာနေသလဲဆိုတာ အချိန်ပြည့်ဆန်းစစ်ပြီး နိုင်ငံရေးဝမ်းစာ ပြည့်နေရမည်ဖြစ်သည်။ ယနေ့ကမ္ဘာကြီးမှာ ဖြစ်ပျက်နေသည့် ပဋိပက္ခမှန်သမျှသည် အင်အားကြီးတို့၏ ပထဝီနိုင်ငံရေးကစားပွဲ၊ ပထဝီစီးပွားရေးအကျိုးစီးပွား၊ အဂတိတရားများနှင့် ကင်းလွတ်သည်ဟူ၍ မရှိပါ။ အကျိုးစီးပွားနှင့် ပဋိပက္ခဆက်စပ်နယ်ပယ်တွေကို မြင်နိုင်လျှင် ဘယ်နိုင်ငံက ကိုယ့်မိတ်ဆွေ ဘယ်သူကတော့ ဒုက္ခပေးမယ့်ရန်သူ စသည်ဖြင့် ခွဲခြားမြင်နိုင်စွမ်း ရှိလာမည်ဖြစ်သည်။ အားလုံးက ဒစ်ဂျစ်တယ်ဟူ၍ ဖြစ်လာချိန်မှာ နိုင်ငံအဆင့် ဆိုက်ဘာတိုက်ခိုက်မှုများကလည်း ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာနေသည်ကိုလည်း မပေါ့မလျော့ သတိထားရန်လိုသည်”

အနိဋ္ဌာရုံများနှင့် ကမ္ဘာကြီးကား ငြိမ်းချမ်းသည်ဟူ၍ မရှိ။

ယနေ့ကမ္ဘာကြီးမှာ တစ်နေရာမှ တစ်နေရာ စစ်ခင်းရတာ လွယ်ကူလာနေသည်။ တစ်နှစ်ပြီးတစ်နှစ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအခြေအနေများက ပို၍ဆိုးလာနေသည်။ ကမ္ဘာကြီးကို လွှမ်းမိုးလိုသည့် နယ်မြေလုပွဲတွေ၊ အခင်းအကျင်းအသစ်တွေနှင့် အပြောင်းအလဲများက မြန်ဆန်လာနေသည်။

ယနေ့ခေတ် ဒီမိုကရေစီအမည်ခံ ရွေးကောက်ပွဲအများစုက နေရာလုပွဲများသာ ဖြစ်လာနေသည်။ အကျိုးစီးပွားအတွက်ဆိုဘာမဆိုလုပ်သည့်ခေတ်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးမချန်ချနင်းကြသည့်ခေတ်၊ ကုလသမဂ္ဂလည်းမတတ်နိုင်၊ UNSC ဆိုတာလည်း မြောင်းထဲမှာ။ ခွင့်မပြုလည်း ကြီးနိုင်ငယ်ညှဉ်း ဝင်တိုက်နေသည့်ခေတ်၊ ကိုယ်ကျိုးစီးပွားသာပထမ ဖြစ်လာနေကြပြီ။ ကမ္ဘာကြီးကို စိုးမိုးဖို့ ဒေသတွင်း လွှမ်းမိုးနိုင်ရေးသည်သာ အဓိကဖြစ်လာကြပြီ။ ဆိုးရွားလွန်းသည့် ကမ္ဘာ့ကပ်ဘေးနှင့်အတူ ထပ်ဆင့်ပဋိပက္ခများနောက်မှာ လူသန်းပေါင်းများစွာ၏ အငတ်ဘေး၊ စစ်ဘေး၊ သဘာဝဘေး အကျပ်အတည်းများက ကပ်ပါလာသည်။ နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းကို စစ်ရေးနည်းဖြင့် အဖြေရှာလာပြီး အကြမ်းဖက်ခြင်းက ထွက်ပေါက်တစ်ခုအဖြစ် အနိဋ္ဌာရုံအားလုံး၏ အမြစ်သဖွယ်ဖြစ်လာနေသည်။

### စစ်ခေါ်သူတွေကြောင့် စစ်ပြင်နေကြရပြီ

အင်အားကြီးလာလျှင် အားနည်းသည့် တိုင်းပြည်ကိုဖျက်ဆီးဖို့ ဝန်မလေးသည့်ခေတ် ရောက်လာပြီ။ စစ်ခေါ်သူတွေကြောင့် စစ်က လက်တစ်ကမ်းမှာ၊ နိုင်ငံရေး၊ စီးပွားရေး ချွတ်ခြုံကျမှုကို စစ်ရေးဖြင့် ခေါင်းလွှဲချင်သည့် တချို့ခေါင်းဆောင်တွေကြောင့် အပြက်အပြက်နှင့် နှာခေါင်းသွေးထွက်ရမည့်အဖြစ်ကို ဆိုက်နေသည့်ကမ္ဘာကြီး။ ယနေ့အချိန်မှာ ဒီမိုကရေစီတို့၊ လစ်ဘရယ်တို့၊ အာဏာရှင်တို့ဆိုသည့်ခေတ်က နောက်ရောက်သွားပါပြီ၊ အားလုံးက ကိုယ့်အကျိုး၊ ကိုယ့်လူမျိုးအကျိုးစီးပွားသက်သက်သာဖြစ်လာသည်။ နယ်မြေစိုးမိုးနိုင်ရေး ရသမျှနယ်မြေသိမ်းနိုင်ဖို့က အဓိကဖြစ်လာသည်။ စနစ်ကအရေးမကြီး၊ ဘာသာရေးက အရေးမကြီးတော့။ အမြဲတမ်းရန်သူ အမြဲတမ်းမိတ်ဆွေဟူသည်မရှိ ဖြစ်ကုန်ကြပြီ။

အကျိုးစီးပွားချင်းတူလျှင် ကွန်မြူနစ်ကလည်း ဒီမိုကရေစီနှင့် ပေါင်းချင်ပေါင်းမည်၊ ပုလင်းတူဘူးဆို့ အကုန်ပေါင်းသည်။ တိုက်ဆိုင်တာလည်းဖြစ်မည်၊ တမင်ရည်ရွယ်ချက်ရှိရှိ လုပ်တာလည်းဖြစ်နိုင်သည်။ အုပ်စုဖွဲ့၍ ဒေသတွင်းစစ်အုပ်စုအသစ်တွေ ထွက်ပေါ်လာသည်။ ဘာကြောင့် ဆီးရီးယားပြည်တွင်းစစ်ကြာရှည်နေရသနည်း၊ ယူကရိန်းပြဿနာနှင့် ဂါဇာစစ်ပွဲများ ကြာရှည်သွားနိုင်သည့် အခြေအနေတွေကို မြင်နေရသည်... အဓိကက ပြည်သူတွေ သတိထားဖို့ပါ။ ဒီအချိန်မှာ အားလုံးက စစ်ပြင်နေကြပြီဖြစ်ပြီး ယောကျ်ား၊ မိန်းမ လူကြီးလူငယ်မရွေး၊ ကျောင်းသား၊ အလုပ်သမား၊ အားလပ်ချိန်မှာ အားလုံးစစ်လေ့ကျင့်ရမယ့်အချိန်ရောက်လာပြီလို့ တစ်စုံတစ်ယောက်က ပြောလာခဲ့လျှင် ဒီလိုအချိန် ဒီလိုအခြေအနေမှာ လွန်အံ့မထင်ပါ။

### ရုရှား- ယူကရိန်းမီးပွားတစ်စ

လက်ရှိ ရုရှား- ယူကရိန်းစစ်က မပြီးသေး၊ ပြည်တွင်းနိုင်ငံရေးမှာ ဇောကပ်နေသော ဇာလန်စကီးနှင့် သူ့အတွက်က စစ်ကို မပြီးဆုံးအောင် လုပ်သလိုဖြစ်နေသည်။ စစ်ကိုရပ်ချင် ပုံမရ၊ ငြိမ်းချမ်းရေးယူချင်ပုံမရသည့် သူ့အစ္စုတ္တသဏ္ဌာန်ကို ရုရှားပိုင်နက်ထဲ ဒုံးကျည်များဖြင့် မကြာခဏပစ်ခတ်ခြင်းက ပြသနေသည်။ ယခုလောလောဆယ်မှာတင် ရုရှားထိန်းချုပ်ထားသည့် Zaporizazhia နျူကလီးယားဓာတ်ပေါင်းဖိုကို ဒုံးကျည်ဖြင့် သုံးကြိမ် ပစ်ခတ်လိုက်သည့်အတွက် လူသုံးယောက်သေဆုံးသွားခဲ့ရပါပြီ။

နျူကလီးယားစက်ရုံဖြစ်သည့် နိုင်ငံခြားတိုင်းပြည်တစ်ခု၏ Infrastructure ကို တိုက်ခိုက်တာလောက် မိုက်မဲမှုမျိုး တော်ရုံတန်ရုံ ခေါင်းဆောင်က စဉ်းစားမည်မဟုတ်ပါ။ ရေဒီယိုသတ္တိကြွယိုစိမ့်မှုနှင့် အဏုမြူရောင်ခြည်သင့်နိုင်သည့် အန္တရာယ်ကို IAEA ကပင် ထုတ်ဖော်သတိပေးခဲ့ရသည့် အခြေအနေသည် အလွန်သတိထားရမည့် ကိစ္စရပ်ဖြစ်လာခဲ့ပါပြီ။ ရုရှား- ယူကရိန်း ပဋိပက္ခကြောင့်ပဲ အမေရိကန်နှင့် ရုရှား၊ အနောက်အုပ်စုနှင့် ရုရှားဆက်ဆံရေးများမှာ အလွန့်အလွန် အဆိုးရွားဆုံးအနေအထားသို့ ရောက်ရှိနေရသည်။ ဒီအခြေအနေက ကမ္ဘာကြီးအတွက်တော့ ကောင်းမယ့်အလားအလာတွေ တစ်ခုမှမဟုတ်ပါ။ ဇာလန်စကီးနှင့် အနောက်အုပ်စုပယောဂကြောင့် ရုရှားဆင်နွှဲနေသော လက်ရှိကန့်သတ်စစ်မှသည် အကန့်အသတ်မဲ့ စစ်ပွဲကြီးအထိ ဦးတည်သွားနိုင်သည်ကို သတိပြုစေချင်သည်။

တစ်ကမ္ဘာလုံး ပဋိပက္ခအပြည့်နှင့် လုံးထွေးနေချိန်မှာ ငါတို့ငြိမ်းချမ်းမှုကို အန္တရာယ်အရှိဆုံး Seriously ill condition အနေအထားတစ်ရပ်ရောက်အောင် တွန်းပို့နေတာ ဘယ်သူတွေလဲ၊ မြင်အောင်ကြည့်စေချင်သည်။ ရုရှားနိုင်ငံ မော်စကိုမြို့က Crocus City Hall ဂီတကပွဲရုံကို ISIS အမည်ခံ အကြမ်းဖက်တွေ တိုက်ခိုက်ခဲ့ကြလို့ ပြည်သူ ၁၄၅ ဦး သေဆုံးခဲ့ရသည့် ဖြစ်စဉ်က ပူပူနွေးနွေးရှိဦးမှာပါ။ ဒီလိုအချိန်မှာ ဒီလိုပြဿနာမျိုး ဖန်တီးသင့်ပါသလား၊ ရုရှားက စုံစမ်းစစ်ဆေးမှုတွေအရ ယူကရိန်းလက်ချက်မကင်းသော အထောက်အထားတွေ တစ်ရစ်ချင်းပေါ်ထွက်လာနေရာမှာ CIA, NATO နဲ့ ယူကရိန်း ထောက်လှမ်းရေးတို့ ပါဝင်ထောက်ပံ့မှုတွေကိုသာ သက်သေပြနိုင်ခဲ့လျှင် ကမ္ဘာကြီးအတွက် အခြေအနေက လုံးဝမကောင်းနိုင်တာတွေ့ရပါသည်။

### ခပ်စိတ်စိတ်ဖြစ်လာသည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ

တစ်ဖက်နှင့်တစ်ဖက် နယ်မြေချဲ့ထွင်မှုကိုအကြောင်းပြ အုပ်စုအသစ်ဖွဲ့ခြင်း ဖွဲ့ပြီးအုပ်စုကို ချဲ့ထွင်ခြင်းများ ပြုလာကြသည်။ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ အပြောင်းအလဲများရှိလာရာ တချို့က စစ်တိုက်ဖို့အတွက် အဖျက်သဘောဖြစ်ပြီး တချို့က ငြိမ်းချမ်းရေးအတွက် အပြုသဘောအဖြစ် မြင်လို့ရသည်။ ဩစတြေးလျ - အမေရိကန် - ယူကေ သုံးပွင့်ဆိုင် AUKUS လုံခြုံရေး မဟာမိတ်အဖွဲ့မှာ ဂျပန်ကိုပါ ထည့်သွင်းဖို့ ကြိုးစားလာခြင်း၊ အိန္ဒိယကို အမေရိကန်နှင့် ဗြိတိန်တို့က ပိုမိုအားကိုးလာပြီး အာရေဗျပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်ကိုစိုးမိုးနိုင်ဖို့ စစ်ရေးပူးပေါင်းလေ့ကျင့်မှုများ ပြုလုပ်လာခြင်းက အင်အားကြီးထွားလာသော တရုတ်ကို အန်တုရန်ဟု ဆိုသည်။

AUKUS လိုပဲ စစ်ရေးအပါအဝင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု ချဲ့ထွင်ခြင်းများသည် ကမ္ဘာအန္တ ဖြစ်လာနိုင်သည်။ လောလောဆယ်မှာကို ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ်ခေါင်းဆောင်တို့ show of support အနေဖြင့် ဘေဂျင်းမှာ ဧပြီ ၉ မှာ တွေ့ခဲ့ကြခြင်းသည် တစ်ဖက်မှာ ဂျပန်ဝန်ကြီးချုပ် ဝါရှင်တန်သို့သွားရောက်သည့် ခရီးစဉ်နှင့်လည်း တိုက်ဆိုင်နေသည်ကို သတိထားမိသည်။

### အီရန်-အစ္စရေးစစ်ပြင်လာမှု

ထိုနည်းတူ နျူကလီးယားလက်နက်ပိုင်ရှင် အီရန်နှင့် အစ္စရေးတို့ စစ်ဖြစ်ဖို့ကလည်း နီးလာတာတွေ့ရသည်။ ယခင်လများကတည်းက ခန့်မှန်းထားသည့်ခန့်မှန်းချက်က လတ်တလောအခြေအနေများနှင့် ပိုပြီးနီးစပ်မှုရှိလာသည့် သဘောပါပဲ။ ဂါဇာစစ်က မပြီးဆုံးနိုင်သေး၊ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မှာရှိသည့် အီရန်ကောင်စစ်ဝန်ရုံးကို

*စာမျက်နှာ ၁၂ သို့*

❖ အကျိုးစီးပွားချင်းတူလျှင် ကွန်မြူနစ်ကလည်း ဒီမိုကရေစီနှင့် ပေါင်းချင်ပေါင်းမည်၊ ပုလင်းတူဘူးဆို့ အကုန်ပေါင်းသည်။ တိုက်ဆိုင်တာလည်းဖြစ်မည်၊ တမင်ရည်ရွယ်ချက်ရှိရှိ လုပ်တာလည်းဖြစ်နိုင်သည်။ အုပ်စုဖွဲ့၍ ဒေသတွင်းစစ်အုပ်စုအသစ်တွေ ထွက်ပေါ်လာသည်။ ဘာကြောင့် ဆီးရီးယားပြည်တွင်းစစ်ကြာရှည်နေရသနည်း၊ ယူကရိန်းပြဿနာနှင့် ဂါဇာစစ်ပွဲများ ကြာရှည်သွားနိုင်သည့် အခြေအနေတွေကို မြင်နေရသည်... အဓိကက ပြည်သူတွေ သတိထားဖို့ပါ။ ဒီအချိန်မှာ အားလုံးက စစ်ပြင်နေကြပြီဖြစ်ပြီး ယောကျ်ား၊ မိန်းမ လူကြီးလူငယ်မရွေး၊ ကျောင်းသား၊ အလုပ်သမား၊ အားလပ်ချိန်မှာ အားလုံးစစ်လေ့ကျင့်ရမယ့်အချိန်ရောက်လာပြီလို့ တစ်စုံတစ်ယောက်က ပြောလာခဲ့လျှင် ဒီလိုအချိန် ဒီလိုအခြေအနေမှာ လွန်အံ့မထင်ပါ

# တပေါင်းလ စာအလင်္ကာများ

## မောင်လူမွေး(မြန်မာမှု)

မြန်မာ့စာပေယဉ်ကျေးမှုများသည် ဗုဒ္ဓစာပေများနှင့် အနည်းအများဆိုသလို တစ်နည်းမဟုတ် တစ်နည်း ဆက်နွှယ်မှုရှိနေပေသည်။

အခါအားလျော်စွာ နံနက်မိုးလင်းတရားတော်နှင့် ပရိတ်ပဋ္ဌာန်းရွတ်ဖတ်သည်ကို ကြားနာရသောအသံ နံနက်ချိန်ခါ တေးသံသာများကို နားဆင်ရသော အသံများသည် ကြည်နူးရပါ၏။

ထိုအထဲတွင် ရတနသုတ်လာဝနပ္ပဂုမ္ဗေ... အစချီ...ဂါထာပိုဒ်ရောက်သောအခါ ဗုဒ္ဓဘုရားရှင်၏ လောကသဘာဝအလှ အမြင်ရသကို ခံစား၍ သဒ္ဓါ ကြည်ညိုရပါ၏။

ထိုဂါထာတော်အပိုဒ် မြန်မာပြန်သဘောမှာ နွေဥတုစတင်ရောက်ပြီး ပထမလတွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေနေသော တောတန်း တစ်လျှောက်ရှိ သစ်ရိပ်တောင်ရိပ်တို့သည် ခရီးပန်းလာသူအဖို့ နားခိုလိုက်သောအခါ အေးမြမှုခံစားရသလို သံသရာခရီးပန်းလာသူများအဖို့လည်း ငါဘုရား၏ဂုဏ်တော်၊ တရားတော်၏ဂုဏ်တော်၊ သံဃာတော်တို့၏ ဂုဏ်တော်တည်းဟူသော အရိပ်အာဝါသမှ နားနေကြည့်ပါက ငြိမ်းချမ်းမှု ရှိပါလိမ့်မည်ဟု ဆိုလိုပေသည်။

ဂိမ္ဟာန်၊ နွေလတို့၏။ ပထမမာသေ၊ ပထမလသည် (ဝါ) တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ တန်ခူးလပြည့်နေ့ ကြားကာလသည်ဟု ဆိုလိုပေသည်။ (ခုဒ္ဒကနိကာယ်-သုတ္တနိပါတ် ရတနသုတ်၊ ဝနပ္ပဂုမ္ဗေ ဂါထာအဖွင့်) တွံတေးဆရာတော်ကြီး၏ ပရိတ်ကြီး နိဿယလင်္ကာသွားမှာ ရွတ်ဆို၍ အထူးကောင်းလှပါသည်။ သပြေကန်ဆရာတော် ဦးဝါသေဋ္ဌ၏ ပရိတ်ကြီးနိဿယတွင် တပေါင်းလအဖွင့်ကို အကျယ်တဝင့် ကြည့်ရှုနိုင်ပါသည်။

ယခင်လများက လရာသီအကြောင်းနှင့် လအလိုက်လင်္ကာစာပေများကို ရေးသားခဲ့ရာတွင် ရှေးစာဆိုကြီးများ၏ ရာသီပွဲအမျိုးမျိုးကို ဖော်ပြရာ၌ ရတု၊ ရကန်၊ အဲအန်၊ လူးတား၊ တေးထပ်၊ သဖြန်၊ ခွန်းထောက်၊ လွမ်းချင်း၊ ပတ်တိုက်၊ လေပြေ စသည်ဖြင့် ထွေထွေရောရာ အလင်္ကာများကို ဖော်ပြခဲ့ပေသည်။

ယခုတပေါင်းလ စာအလင်္ကာကိုမူ ပို့ကြီးနှင့် တောလားကြီး စာကြီးပေကြီးဖြင့် ဖော်ပြပါမည်။ အင်းဝခေတ်တွင် ထင်ရှားခဲ့ကြသည့် ပေလေးပင်ရှင်လေးပါးဟု အမည်တွင်သော ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်မဟာသီလဝံသ၊ ရှင်ခေမာလောင်းလျာတို့သည် (ခရစ်နှစ် ၈၄၅ ခုနှစ်တွင်) တောင်တွင်းကြီးမြို့နယ်တွင် လရက်များ မရှေးမနှောင်းပင် မွေးဖွားကြလေသည်။ ပါရမီရှင် လူငယ်လေးဦးစလုံးပင် နတ်နီးလင်း ဆရာတော်ထံတွင် အခြေပါဒ သင်ဦးစက သင်ခဲ့ကြပေသည်။

ဤဆောင်းပါးပါ အကြောင်းအရာတွင် ပါဝင်သော တပေါင်းလ စာအလင်္ကာကို ရှင်ခေမာမှအပ ကျန်စာဆို သုံးဦးလုံးပင် ရေးဖွဲ့ခဲ့ကြပေသည်။ ရှင်မဟာသီလဝံသက ဗုဒ္ဓပ္ပတ္တိပို့တွင် တစ်ခန်း ရေးခဲ့သည်။ (လတပေါင်းဆောင်းပါးတွင် အမြွက်မျှ ဖော်ပြပြီး) ရှင်အုန်းညိုကမူ ဂါထာ ဖ၀ ပို့တစ်ခုလုံးတွင် တပေါင်းလကို အကြောင်းပြု၍ ရေးဖွဲ့ထားခြင်း ဖြစ်ပေသည်။

ဂါထာ ဖ၀ ဟုဆိုသော်လည်း မူရင်းဗုဒ္ဓဝင်အဋ္ဌကထာလာဂါထာ ၆၄ ပုဒ်ကို ဖွဲ့ဆိုခြင်း ဖြစ်သည်။ အနည်းငယ်ပိုသည်ကို ပမာဏမပြုဘဲ ဂါထာ ဖ၀ ဟုပင် မည်တွင်လေသည်။

စာဆိုသည်ထိုဂါထာများပါအကြောင်းအရာများကို လင်္ကာပိုဒ်ရေ ၈၄ ပိုဒ်ဖြင့် အကျယ်ဖွင့်ဆိုထားလေသည်။ နိဂုံးလင်္ကာ ကိုးပိုဒ်ကို ပေါင်းပါက ၉၃ ပိုဒ်ရှိလေသည်။

ဤပို့ကို အင်းဝခေတ် ရွှေနန်းကြေ့ရှင် ဘုရင် လက်ထက် သက္ကရာဇ် ၈၇၉ နှစ် ကဆုန်လပြည့်သောကြာနေ့တွင် ရေးသားပြီးစီးသည်ဟု နိဂုံးအရ သိရပေသည်။

အကြောင်းအရာအကျဉ်းမှာ ဘုရားရှင်အား ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွမြန်းတော်မူပါမည့်အကြောင်းကို ဖွားဖက်တော် ကာဠုဒါယိက လျှောက်ထားခြင်း ဖြစ်လေသည်။ ထိုသို့လျှောက်ထားချက်များတွင်---

နေပြည်တော်ဌာန သားဗုဒ္ဓကြွစေလိုကြောင်း၊ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ပင့်စေခိုင်းပုံ၊ ဆောင်းနှောင်းနွေကူး တပေါင်းလသာယာပုံ၊ လယ်ယာအလှူဖြစ်ပုံ၊ မိဘနှစ်ပါး ကျေးဇူးကြီးမားပုံ၊ တောလမ်းခရီး သစ်သီးပန်းမာလ်မျိုးစုံ သီးပွင့်နေပုံ၊ သားမျိုးစုံစုဝေး၍ ဟစ်ကြွေးကာ ဘာသာဘာဝရှိနေကြပုံ၊ ငှက်မျိုးစုံပေါင်းစုံ၍ ရောင်းစုံကျင်းသည့် အဆင်းအလှများ တွေ့ရမည့်ပုံ၊ မြစ်ဖျား ချောင်းနားရေကန်များ သာယာလှပမှုများရှိနေပုံ၊ ဆွေတော်မျိုးတော်များနှင့် လူ၊ နတ်တို့ ကြည်ညိုနိုင်ဖို့ အစုံစုံတို့ကို အခန်းလိုက် အခန်းလိုက် ရေးဖွဲ့ထားလေသည်။

> **❑ အထူးသဖြင့် ကုန်းဘောင်ခေတ်တွင် ပေါ်ပေါက်လာသော ဆေးအဘိဓာန်ကျမ်းကြီးများတွင် အနောက်တိုင်းနှင့် အိန္ဒိယဝေါဟာရများကို ဖွင့်ဆိုရာ၌ ဤပို့ပါ ဆေးပင်အမျိုးအစားများနှင့် ညှိနှိုင်း၍ ဖွင့်ဆိုထားသည်ကို တွေ့ရလေသည်။ စာပေသုတေသနပြုသူအဖို့ အထူးလေ့လာဖွယ် မှတ်သားဖွယ်ရာများ ပြည့်နှက်နေ**

**အထူးလေ့လာဖွယ်ရာများ ပြည့်နှက်နေ**

ယနေ့ခေတ် ငှက်သုတေသန(Ornithology)၊ ပန်းသုတေသန(Botany)၊ လိပ်ပြာသုတေသန (Lepidopterology)၊ သားငှက်တိရစ္ဆာန် သုတေသန (Zoopsychology) စသည့် သုတေသနပညာရှင်များသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀ ကျော်၊ ၆၀၀ အတွင်းက အမည်နာမ အမျိုးအစားခွဲခြား၍ လေ့လာနိုင်သော အကြောင်းခြင်းရာများ ပြည့်နှက်နေလေသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်တွင် ပေါ်ပေါက်လာသော ဆေးအဘိဓာန်ကျမ်းကြီးများတွင် အနောက်တိုင်းနှင့် အိန္ဒိယဝေါဟာရများကို ဖွင့်ဆိုရာ၌ ဤပို့ပါ ဆေးပင်အမျိုးအစားများနှင့် ညှိနှိုင်း၍ ဖွင့်ဆိုထားသည်ကို တွေ့ရလေသည်။ စာပေသုတေသနပြုသူအဖို့ အထူးလေ့လာဖွယ် မှတ်သားဖွယ်ရာများ ပြည့်နှက်နေပါသည်။

အခန်း (၂) ပါ ဆောင်းနှောင်းနွေကူး တပေါင်းလ သာယာပုံတို့ကိုရေးဖွဲ့ရာ မူလပါဠိဂါထာမှာ သုံးပုဒ်သာဖြစ်ပါ၏။ ထိုကို ပို့လင်္ကာပိုဒ်ရေ ခုနစ်ပိုဒ်ဖြင့် ဖွဲ့ထားပါ၏။

ပိုဒ်ရေ(၉) မျှော်ရှုမျှော်ရှုမျိုးတစ်စုတွင် ရာဟုအမိ အစချီကာ-

> **...သွားခါတန်စွ၊ ဤကာလ၊ ချမ်းမြမသန်၊ ပြင်းထန်မပူ၊ လွင့်မြူမထောင်း၊ ညွန်လျှောင်းမချဉ်း၊ လေပြင်းမလာ၊ သည်းစွာထစ်ကြိုး၊ အုံ့မိုးမစွေ၊ ရေလည်းမကြီး...**ဟူ၍ လည်းကောင်း

ပိုဒ်ရေ(၁၂)တွင် ပျော်မှုပျော်မှု မျှော်ကြည့်ရှု၍ ရတုကောင်းစွာ အစချီကာ...

> **ဤအခါကား၊ သာသည်ညှင်းညှင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပျံ့ပျံ့ပြည်းသား၊ တိမ်မည်းမဆိုင်၊ မြည်အိုင်ရိုက်ကြူး၊ မင်းလွင်မြူးသား၊ နွေဦးသရက်၊ အခါဖြစ်၍...** ဟူ၍ လည်းကောင်း

ပိုဒ်ရေ(၁၃)တွင် ပေါ်လုပေါ်လု ညွန့်သက်နုနှင့် ရတုသာဖွေ အစချီကာ...

> **...ပင်စည်ဖြူးဖြူး၊ ရိပ်စက်ကူး၍၊ ငုံဖူးစီစို့၊ တချို့ကားပွင့်၊ ကင်းနှင့်မည်း၊ မီးလျှံသဘွယ်၊ ဝင်းဝင်းကယ်မျှ၊ ပြိုင်လယ်ရဲရဲ၊ အခဲခဲတိ၊ တောထဲစုံကောင်း၊ ပန်းအပေါင်းနှင့်၊ ရွက်ဟောင်းပင်အောက်၊ ဖူးညှောက်လူလူ၊ ထွက်စပြူလျက်၊ ပျံ့ကြဖေ၊ လေးညင်းသွေးသော်၊ မွှေးမွှေးရဂုံ၊ သင်းနံ့ထုံသို့...**ဟူ၍လည်းကောင်း

အပိုဒ်ရေ(၁၄)တွင် ရော်နုရော်နု ရွက်သစ်ပြုလျက်ရတုအလိုက် အစချီကာ...

> **ခက်ချင်းဆိုက်၍၊ အကိုက်ငုံဖူး၊ ဖြူးရရှူးလျှင်၊ တန်ခူးမပြောင်း၊ တပေါင်းမကုန်၊ ပူဟုန်မပြင်း၊ နှင်းလည်းစဲစ၊ ကာလသာထွေ၊ ဆောင်းနွေဆိုးဆမ်း၊ ပူချမ်းနှစ်ပါး xxxxx**
>
> **ခရီးဆက်ပိုင်း၊ လမ်းစဉ်တိုင်းတုံ၊ သစ်ကိုင်းညွှန့်လမ်း၊ ဂနိုင်ပန်းဆီ၊ ထက်ဝန်းပြင်မျှ၊ ပွင့်လတ်ကြသော်၊ ရွှင်ပျမြည်ရှုန်း၊ ပိတုန်းမည်းနက်၊ ဝတ်ရက်ယူယူ၊ ချစ်မူဘော်နှော၊ ရဂုံတောဝယ်၊ ဥဩကျေးငှက်၊ ယှဉ်ဘက်မကွာ၊ ဟင်္သာပဲထွေး၊ သံလေးကျူးဆင့်၊ ကြွေးရင့်မည်၊ ခုန်ပျံပြေးသွား၊ တပင်နားလျက်၊ ပင်ဖျားပင်ခြေ၊ ဗွမ်းဗွမ်းထွေလျက်၊ စုံမြေရိပ်ကောင်း၊ ရွှေများပေါင်းသည်၊ ဥဒေါင်းမောရ တွန်ပြီတည်း...**ဟူ၍ လည်းကောင်း

လမ်းခရီးအဆင့်ဆင့်ကို ရေးဖွဲ့ထားရာ ယနေ့ခေတ် တီဗွီ Discovery အစီအစဉ်တွင် သဘာဝ တောတောင်ရေမြေများကို ထက်အောက်ဝန်းကျင် ဒရုန်း(Drone)ဖြင့် ရိုက်ကူးထားသည်ကို ကြည့်နေရသကဲ့သို့ ရသခံစားရပါ၏။

ဤသည်မှာ ရှင်အုန်းညို၏ဂါထာ ၆၀ ပို့လာ တပေါင်းလ စာအလင်္ကာ၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။

တပေါင်းလ စာအလင်္ကာတို့ ဖော်ကျူးသော အခြားဂန္ထဝင်မြောက် စာကြီးပေကြီးတစ်စောင်မှာ ရှင်ဥတ္တမကျော်၏ ဗုဒ္ဓဘုရားရှင် ကပ္ပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူခန်း တောလားလင်္ကာကြီး ဖြစ်ပေသည်။

ဤတောလားလင်္ကာကြီးမှာ (၉) ပိုဒ်ရှိပါသည်။ စက်ဆယ့်နှစ်လီ ဒွါဒသီဝယ် သုံးလီဥတု လက်ဝဲလုသား... အစချီလင်္ကာ (၈) ပိုဒ်မှာ ကပ္ပိဝတ်ပြည်ကြွခန်းဖြစ်၍ (၉) ပိုဒ်မြောက်= မဂ္ဂင် ရစ်တန်း၊ လမ်းမှန်ခရီး၊ ရပ်ကြီးသာစည်၊ ရောက်အံ့ရည်၍-- --အစချီသော၊ (၉) ပိုဒ်မြောက်မှာ -

အရိမေတ္တယျဘုရားရှင်လက်ထက်၌ ဗောဓိလောင်းလျာအဖြစ် ဗျာဒိတ်ခံရပါလိုကြောင်း---

> “ငါလိုလည်းကောင်း၊ ဗောဓိလောင်းဟု၊ ညွှတ်ညောင်းတံဆိပ်၊ နတ်ဗျာဒိတ်ဖြင့်၊ ခပ်နိုပ်သေချာ၊ နတ်ဩဘာသည်၊ မြဲစွာဖြစ်လိမ့် လမှန်တည်း”

ဟု ဥဒါန်းနိမိတ် အကြောင်းဟိတ်ဖြင့် ရေးထားသော ဆုတောင်းလင်္ကာဖြစ်ပေသည်။ တောလားကြီး အစကို---

> **စက်ဆယ့်နှစ်လီ၊ ဒွါဒသီဝယ်- သုံးလီရတု၊ လက်ဝဲလုသား၊ ရတုသာစွ၊ လမဏ္ဍာလျှင်၊ သဘင်ဂိမှာန်၊ တာသကြိန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍၊ ဥဇ္ဇာဂူနတ်၊ ဖန်ရဟတ်လည်း၊ သဟာသရောင်၊ ခြည်တထောင်ဖြင့်၊ ပြောင်ပြောင်ဝင်းထိန်၊ အာဏာနှိပ်လျက်၊ ပြင်းရှိန်အန္တဂုဏ်စွမ်းပြသော်-----**

ဟု အစချီရေးဖွဲ့ထားရာ အရပ်စကားဖြင့်ပြောရပါက ၁၂ လရာသီရှိ ဥတုသုံးပါးတွင် တပေါင်း၊ တန်ခူး ရတု သကြိန်ပြောင်းသော အခါသမယတွင်ဟု ဆိုလိုပေသည်။

သို့သော် **ဥတု၊ ရတု၊ လက်ဝဲလု၊ လမဏ္ဍာ၊ သဘင်ဂိမှာန်၊ အတာ၊ သကြိန်၊ ဥဇ္ဇာဂူနတ်၊ ဖန်ရဟတ်၊ ရောင်ခြည်ထောင်...** စသည်တို့မှာ ဇေဒင်ပညာရပ် ရာသီစက်နက္ခတ်နယ်ပယ်ကို အကျွမ်းတဝင်ရှိပါမှ (သို့)မြန်မာစာပေ၊ မြန်မာမှုများကို အထူးပြုလေ့လာသူများသာ သိနိုင်သော ဝေါဟာရ အသုံးအနှုန်းဖြစ်ပေသည်။ ထိုသို့ နွေဥတုရောက်သောအခါ ရော်ရွက်ဝါတို့ ကြွေကျရွက်သစ် ပုရစ်ဖူးမြစိမ်းရောင်များ ဖူးပွင့်စေသည် ပွင့်လေပြီကို---

> **...လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား၊ သီးကင်းနုစ၊ အချို့ကမူ...**

ဟု ကာရန်နဘော၊ ဂုဏ်ရသ၊ စာအလင်္ကာများနှင့် ခြယ်မှုန်းထားရာ ရှေးအခါက စာပေနှင့် အကျုံးတဝင်မရှိသည်တိုင် အများအားဖြင့် သိရှိခံစားနိုင်ကြပါ၏။ ဤတောလားလင်္ကာကြီး ကဲ့သို့သော စာအလင်္ကာများမှ မြစ်ဖျားခံသော အတက်အထွက်များသည် မြန်မာ့ဂီတ ရသစာပေများတွင် ထင်ဟပ်ကျန်ရစ်ခဲ့ပေသည်။

သီချင်းကြီး သီချင်းခန့်များတွင် မြမြ မောင်းမောင်းပတ်ပျိုး၊ မြဝတီမင်းကြီး ဦးစရေးပြီး ရဝိန်ဒေါင်းယာဉ်ပျံ ပတ်ပျိုး မန္တလေး ဦးဘသိန်းရေး၍ အဆိုတော် ကိုအံ့ကြီး မိန်ရာသီ သီချင်း၊ ဂီတနတ်သံ ကိုစောငြိမ်း ရေးဖွဲ့၍ အဆိုတော် မောင်မောင်ညွှန့် သီဆိုသော ဝသန်ခါဦး သီချင်း၊ ဆရာကြီး တက္ကသိုလ် ဘုန်းနိုင်ရေး၍ ရေနံ့သာစိုးလှိုင် သီဆိုသော ကမ္ဘာကုန်ကျယ်သရွေ့ စသည် စသည့် သီချင်းများပါ သံစဉ်တေးသွား ကာရံများသည် ဤတပေါင်းလဘွဲ့ စာအလင်္ကာများ၏ အဖူးအပွင့်များပင် ဖြစ်ပေသည်။

စာဆို ဥတ္တမကျော်၏ တောလားကြီးလင်္ကာမှာ စာဆိုရှင်အုန်းညို၏ ဂါထာ ၆၀ ပို့ကဲ့သို့ တပေါင်းလ ကာလတစ်ခုတည်းကိုသာ ရေးခြင်းမဟုတ်ဘဲ မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ် စသည့် တစ်နှစ်တာကာလ ၁၂ လ ရာသီစက်များသို့ နေသွားလများကို တာရာနက္ခက်စန်းယှဉ် လပြည့်သဘာဝတရားကို ရေးသားပြီးမှ တပေါင်းလခါ ရာသီမှာ အဆုံးသတ်ထားပြီး မည်သို့မည်ပုံ သာယာပြန့်ပြူးသည် ကောင်းလှသည် စသည်အကြောင်းအရာကို ရေးဖွဲ့ထားခြင်းဖြစ်ပေသည်။

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၀ မှ*

အစ္စရေးက ဗုံးကြဲတိုက်ခိုက်လိုက်တာကြောင့် အီရန်တော်လှန်ရေး အစောင့်တပ် ဗိုလ်ချုပ်ကြီးအပါအဝင် အရာရှိကြီး ခုနစ်ဦး သေဆုံးသွားခဲ့သည့် ဖြစ်စဉ်နှင့်အတူ အစ္စရေးကို လက်စားချေ တုံ့ပြန်ဖို့ အီရန်တပ်ဖွဲ့များ ဆီးရီးယားသို့ရောက်ရှိသွားခြင်း၏ နောက်ဆက်တွဲများဟာ အခန့်မသင့်ရင် ကမ္ဘာစစ်ကြီးအထိ သယ်ဆောင်သွားနိုင်သည်ကို တွေ့ရသည်။

ဒီနေရာမှာ အစ္စရေးဝန်ကြီးချုပ်နေတန်ရာဟု ရင်ဆိုင်နေရသည့် သူ့ပြည်သူတွေက သူ့အပေါ်အုံကြွမှုဟာ ဂါဇာစစ်ကို တာရှည်စေနိုင်သလို လိုအပ်လျှင် အီရန်ကိုပါ စစ်ထဲဆွဲသွင်းမယ့် အနေအထားကိုပါ တွေ့လာနေရသည်။ မီးလောင်ရာလေပင့်ဆိုသလို ဂါဇာတောင်ပိုင်းမှာရှိသည့် ပါလက်စတိုင်းမြို့တစ်မြို့ဖြစ်သော ရာဖာကို စစ်ဆင်နွှဲဖို့ နေတန်ရာဟု၏ ဆုံးဖြတ်ချက်က ဂါဇာစစ်ကို ပိုမိုကျယ်ပြန့်သွားစေသည့်အပြင် အီရန်နှင့် အစ္စရေး ထိပ်တိုက်စစ်ဖြစ်ဖို့အထိ နီးစပ်လာသည့် အခြေအနေတွေဖြစ်လာကြောင်း သုံးသပ်၍ ရနိုင်ပါသည်။ အီရန်သာ စစ်ပွဲထဲပါဝင်လာလျှင် အီရန်ကိုထောက်ခံတဲ့ အင်အားလေးသိန်းခန့်ရှိ ယီမင်ဟူသီတို့ကြောင့် ဒေသတွင်းစစ်ပွဲကြီးအထိ စစ်မီးတောက်လာနိုင်ကာ အစ္စရေးဘက်က အမေရိကန်နှင့် နေတိုး၊ အီရန်ဘက်က တရုတ်၊ ရုရှားတို့ပါဝင်လာမည့် တတိယကမ္ဘာစစ်အထိ အချိန်မရွေးကူးပြောင်းသွားနိုင်ပုံကို သတိထားရမှာဖြစ်ပါသည်။

**အမျိုးသားလုံခြုံရေးကို ဘယ်အရာတွေက ခြိမ်းခြောက်နေသလဲ**

စစ်နှင့် အနိဋ္ဌာရုံက ဒွန်တွဲနေတာကြောင့် စစ်ဖြစ်တာကို ယဉ်ကျေးသည့် လူ့အသိုင်းအဝိုင်းက ဘယ်သူကမှ ကြိုက်မည်မထင်ပါ။ သို့သော် စစ်ကိုခေါ်လာသူ၊ ခေါ်နေသူ ဘယ်သူသေသေ ငတေမာပြီးရောလူမိုက်တွေကြောင့် စစ်ကိုရှောင်လွှဲလို့မရမည့် အခြေအနေတွေအထိ ရောက်လာနိုင်သည်ကို ပြည်သူအားလုံးက သတိချပ်ရပါမည်။ ယခု ကမ္ဘာကြီးမှာဖြစ်နေသည့် စစ်ပွဲတွေက တတိယကမ္ဘာစစ် WW III အဖြစ် အမည်မတွင် သေးသော်လည်း ကမ္ဘာလုံးဆိုင်ရာပဋိပက္ခအသွင် World Crisis အသွင်ကိုတော့ ဆောင်လာနေပါပြီ။

**WW I နှင့် WW II စစ်ပွဲကြီးများထက် WW III မှာ နည်းပညာမြင့်လက်နက်ဆန်းများသုံးပြီး လူသားတွေ ပိုပြီးသေကျေကြမယ့်အရေး ထင်ရှားမြင်လာကြသည့်အတွက် တတ်နိုင်သမျှ စစ်ကိုတားဖို့ကြိုးစားနေသော်ငြား ကျွန်တော်တို့နိုင်ငံ၏ မြန်မာပြည်သူတွေ အနိုင်ကျင့်မခံရအောင်တော့ ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။ အရှေ့နှင့် အနောက် လွန်ဆွဲပွဲမှာ မဟာဗျူဟာမြောက် ခတ်ကွင်းအကျဆုံးဖြစ်နေရသည့် မိမိနိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ဘယ်လိုအရာတွေက ခြိမ်းခြောက်လာနေသလဲဆိုတာ အချိန်ပြည့် ဆန်းစစ်ပြီး နိုင်ငံရေးဝမ်းစာပြည့်နေရမည်ဖြစ်သည်။ ယနေ့ကမ္ဘာကြီးမှာ ဖြစ်ပျက်နေသည့် ပဋိပက္ခမှန်**

**“မြန်မာ့တပ်မတော်ကို ဝန်းရံပေးဖို့ ပြည်သူ့အားကိုလိုသည်။ ပြင်ပက မိတ်ဆွေစစ်စစ်များကိုလည်း ရှာဖွေထားနိုင်ရမည်။ အမြဲတမ်းမိတ်ဆွေ အမြဲတမ်းရန်သူဟူ၍မရှိမူ၍ ပြင်ပကိုအများကြီးမှီခိုနေရန်လည်း မလိုပါ။ US နှင့် NATO ကို ယုံကြည်မှီခိုလွန်းပြီး စစ်တိုက်ခဲ့သည့် ဇာလန်စကီး၏ ရေရှည်မလွယ်သောအဖြစ်မျိုးကိုလည်း သင်ခန်းစာယူနိုင်ရမည်။ ထို့ကြောင့် ကိုယ့်ပြည်တွင်းအားသည်သာအဓိက ကိုယ့်အင်အားသည် ကိုယ့်ပြည်တွင်းမှာသာရှိသည်ဟူသော အမြဲမှန်သော အယူအဆကိုသာ ကိုင်စွဲရမည်ဖြစ်သည်။ သူများစစ်ပြင်ချိန်မှာ ကိုယ်ကမပြင်ဆင်နိုင်လျှင် တစ်ပန်းရှုံးမည် ဖြစ်ပြီး ရန်သူကိုပြင်ဆင်ချိန်မပေးခြင်းက စစ်ကိုအောင်နိုင်ရာဖြစ်ပါမည်။ အကန့်အသတ်မဲ့စစ်ပွဲကြီးများ အသံပေးလာချိန် အမေကျော် ဒွေးတော်လွမ်း အကြောက်လွန်သူများ ဘယ်နိုင်ငံပြေးပြေး လွတ်မည်မထင်ပါ ”**

သမျှသည် အင်အားကြီးတို့၏ ပထဝီနိုင်ငံရေးကစားပွဲ၊ ပထဝီစီးပွားရေး အကျိုးစီးပွား၊ အဂတိတရားများနှင့် ကင်းလွတ်သည်ဟူ၍ မရှိပါ။ အကျိုးစီးပွားနှင့် ပဋိပက္ခဆက်စပ်နယ်ပယ်တွေကို မြင်နိုင်လျှင် ဘယ်နိုင်ငံကကိုယ့်မိတ်ဆွေ ဘယ်သူကတော့ ဒုက္ခပေးမယ့်ရန်သူစသည်ဖြင့် ခွဲခြားမြင်နိုင်စွမ်းရှိလာမည်ဖြစ်သည်။ အားလုံးက ဒစ်ဂျစ်တယ်ဟူ၍ ဖြစ်လာချိန်မှာ နိုင်ငံအဆင့်ဆိုက်ဘာ တိုက်ခိုက်မှုများကလည်း ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာနေသည်ကိုလည်း မပေ့ါမလျော့ သတိထားရန်လိုသည်။

**သင်ခန်းစာအရ မိမိအင်အားသည်သာအဓိက**

ကမ္ဘာအနှံ့စစ်ပွဲခေါ်သံတွေကြောင့် အချို့နိုင်ငံတွေမှာ တစ်နိုင်ငံလုံး စစ်လေ့ကျင့်နေကြတဲ့မြင်ကွင်းတွေကို ကြားသိနေရသည်။ မြန်မာနိုင်ငံတွင် လက်ရှိအကောင်အထည်ဖော်နေသော ပြည်သူ့စစ်မူထမ်း အခြေအနေက အားရစရာတွေရှိနေပြီး ဒီဥပဒေကို အကောင်အထည်ဖော်ဖြစ်သွားတာ အလွန်ကောင်းသွားသည်။ တချို့သောအရာတွေက ပေးဆပ်မှုအရင်းအနှီးအများကြီးအောက်မှာ သင်ခန်းစာယူစရာများစွာရလိုက်ပြီလို့ ယူဆပါသည်။

ပြောင်းလဲလာသည့်နည်းပညာကို အဓိကအားကိုး၍ ရန်သူကျင့်သုံးနေသော တိုက်ပွဲပရိယာယ်ကို မိမိတို့ခံစစ်နည်းပရိယာယ်အသစ်က ဘယ်လိုတုံ့ပြန်မည်လဲ၊ ခေတ်သစ်ဒရုန်းစစ်ပွဲတွေက တန်ဖိုးကြီးလက်နက်တွေနေရာမှာ အရင်းအနှီးနည်းနည်းနှင့် ဘယ်လိုစစ်ဆင်ရမည်ဆိုသည်တွင် အတွေ့အကြုံများစွာရခဲ့ပြီဟု ယူဆနိုင်သည်။ အားနည်းချက်၊ အားသာချက်ကိုဖွေရှာပြီး ဒီအချိန်မှာ တပ်မတော်အင်အားနှင့် ပြည်သူစစ်စစ်တို့၏ အင်အားကို အားထည့်တည်ဆောက်ရပေတော့မည်။

မြန်မာ့တပ်မတော်ကို ဝန်းရံပေးဖို့ပြည်သူ့အားကိုလိုသည်။ ပြင်ပက မိတ်ဆွေ စစ်စစ်များကိုလည်း ရှာဖွေထားနိုင်ရမည်။ အမြဲတမ်းမိတ်ဆွေ အမြဲတမ်းရန်သူဟူ၍မရှိမူ၍ ပြင်ပကိုအများကြီးမှီခိုနေရန်လည်း မလိုပါ။ US နှင့် NATO ကို ယုံကြည်မှီခိုလွန်းပြီး စစ်တိုက်ခဲ့သည့် ဇာလန်စကီး၏ ရေရှည်မလွယ်သောအဖြစ်မျိုးကိုလည်း သင်ခန်းစာယူနိုင်ရမည်။ ထို့ကြောင့် ကိုယ့်ပြည်တွင်းအားသည်သာအဓိက ကိုယ့်အင်အားသည် ကိုယ့်ပြည်တွင်းမှာသာရှိသည်ဟူသော အမြဲမှန်သော အယူအဆကိုသာ ကိုင်စွဲရမည်ဖြစ်သည်။ သူများစစ်ပြင်ချိန်မှာ ကိုယ်ကမပြင်ဆင်နိုင်လျှင် တစ်ပန်းရှုံးမည်ဖြစ်ပြီး ရန်သူကိုပြင်ဆင်ချိန်မပေးခြင်းက စစ်ကိုအောင်နိုင်ရာဖြစ်ပါမည်။ အကန့်အသတ်မဲ့စစ်ပွဲကြီးများ အသံပေးလာချိန် အမေကျော် ဒွေးတော်လွမ်း အကြောက်လွန်သူများ ဘယ်နိုင်ငံပြေးပြေး လွတ်မည်မထင်ပါ။

တစ်ခုပဲရှိသည်။ စုပေါင်းအင်အားတည်ဆောက်ဖို့ရန် ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံကိုယ် ကာကွယ်လိုစိတ်များ ပေါ်ပေါက်နေရမည်။ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ဆိုပါတော့၊ ဒီမြေ၊ ဒီပြည်ကို ဒို့သာပိုင်ရမည်ဆိုသည့် စိတ်ဓာတ်မျိုးဖြစ်သည်။ သို့သော် စုပေါင်းအားကို ကျိုးပျက်စေသည့် ကိုယ်ကျိုးကြည့်မစ္ဆရိယစိတ် ရန်လိုမှုနှင့် သံသယတွေကိုတော့ အတ္တကင်းကင်းဖြင့် ပယ်ဖျောက်နိုင်အောင် ကြိုးစားကြရဦးမည်။

အတွင်းအပြင်ပဋိပက္ခများနှင့် တိုင်းပြည်၏ ကံကြမ္မာအရေးကြီးနေချိန်မှာ ခွင့်လွှတ်နိုင်လျှင်၊ နားလည်ပေးနိုင်လျှင် မေတ္တာထားနိုင်ကြလျှင်တော့ အကောင်းဆုံးပါပဲ။ ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်ဖို့ သွေးနှင့်နီးမယ့်လူတွေကသာ အဓိကမဟုတ်ပါလား။ လောလောဆယ်တော့ ကမ္ဘာဖျက်မယ့်အကြံအစည်တွေကြောင့် မိမိကိုယ်မိမိ၊ မိမိလူ့ အဖွဲ့အစည်း၊ မိမိနိုင်ငံမပျောက်ပျက်အောင် စစ်ကိုသာပြင်ထားကြရဦးတော့မည်။ ။

*စာမျက်နှာ ၁၁ မှ*

**…မင်းလွင်လိုကို၊ စုံတခိုဝယ်၊ လေချိုဝန်းလှ၊**
**လွမ်းရတု၍၊ ရွက်နုမငြိမ်၊ မြေနှင့်ချိန်လျက်၊**
**ချိန်ရာသီခွင်၊ မိန်သဘင်မှာ၊ ဗျိုင်းတာရာတို့၊**
**မြိုင်မှာမြိုင်လျောက်၊ ရွှေပိတောက်လည်း၊**
**ဖူးညှောက်ပွင့်ချိန်၊ သီတာသိဟ်ဝယ်၊ သောင်တိမ်**
**ငွေဥ၊ သဲဖွေနုနှင့်၊ ဝတ်စုညွန့်ချီ၊ သရဖီမူ၊ ကြိုင်ဆီ**
**လှိုင်သက်၊ ရေဖက်ဆွတ်နှင့်၊ ချွေလွှတ်စောစွာ၊**
**သည်ချိန်ခါကို၊ သောတပန်မည်၊ မဟာထေရ်တို့၊**
**မကြည်နိုင်အောင်၊ ခိုးမြူမှော်ခဲ့…။**

ဟု ရေးဖွဲ့ထားရာ တပေါင်းလ၏ လွမ်းမောဖွယ်ရာ သဘာဝပတ်ဝန်းကျင်ကြီးသည် စိတ်တည်ရင့်ကျက်မှုရှိပါပေသည်ဆိုသော သောတပန်များပင်တွင် စိတ်ကယောက်ကယက် ဖြစ်နိုင်သည်ဟု ရေးစပ်ထားလေသည်။ စာဆိုရေးဖွဲ့သော တောလားကိုးပိုဒ်ကို ဖတ်ရှုရသောအခါ ရသာစုံစားပွဲကြီးကို ဂီတကပွဲနှင့်တကွ ကြည့်ရှုခံစား စားသောက်ရသကဲ့သို့ ရှိလှသည်ဟု ဥပမာတင်ချင်ပါသည်။ ထို့ထက်ထူးခြားသည်မှာ ဤတောလားကြီး၏ အချပိုဒ်များဖြစ်ပေသည်။ ဤအချပိုဒ် (၉) ပိုဒ်ကို ဖြုန်းစားကြီး ဖတ်ရွတ်ကြည့်လျှင် ဂမ္ဘီရသင့်သည်ဟု ထင်ဖွယ်ရာဖြစ်ပါသည်။

ဤတောလား စာအလင်္ကာသည် အမှန်တော့ ဘုရားရှိခိုးပင်ဖြစ်ပါသည်။ (ပညာရှင်များ ယခင် သုံးသပ်ချက်ရှိပြီး) အချပိုဒ်များတွင် **လ** အသုံးသည် ထူးခြားလှပေသည်။ ထို့ကြောင့်လည်း နာမည်ကြီးလှ၏။ အငြင်းပွားဖွယ်ရာ ဖြစ်ရ၏။ မြန်မာစာပေ အရေးအသား၌ အချို့သော ဝါကျစာပိုဒ်တို့တွင် “လ” အသုံးအနှုန်းသည် အကြောင်းအရာရေးဖွဲ့မှုကိုလိုက်၍ ပါစမြဲ ဖြစ်ပါသည်။

ပရိတ်ကြီး မေတ္တာပို့ ပဋ္ဌာန်းစာပေတို့တွင် ရှေ့နှင့်နောက် တူရာရာတွင် အသေးစိတ် ဖော်မပြတော့ဘဲ ကြားတွင် **“လ”** ခံ၍ ရေးသည်များကို တွေ့ဖူးကြမြဲဖြစ်ပါသည်။ ထိုသို့သော **“လ”** ကို **“ပေယျာလ”** ကြပ်သည်။ ခံသည်။ ထိုးသည်ဟု ခေါ်ပေသည်။ “ပေယျာလကံ ဝကွက်ချန်” စကားပုံပင် ရှိပေသည်။ ထိုကဲ့သို့ **“လ”** ကလည်း တစ်မျိုးပေ။

“အကြံခက်ပါသနော် သံလျက်တော် ခိုးတဲ့သူကိုလ” ဟူသော ငိုချင်းတွင်ဆိုသော **“လ”** မျိုးလည်း ရှိပေသည်။

ရှင်မဟာရဋ္ဌသာရ စာဆိုတော်အကျော် ဆရာတော်၏ကိုးခန်းပျို့ပိုဒ်ရေ ၄၁ တွင်–

အိုမင်းမစွမ်းဖြစ်ကာမှ ရသေ့ရဟန်းလုပ်သူနှင့် ငယ်စဉ်ပျိုမြစ်နုနယ်အရွယ်ငယ်က လုပ်ဆောင်ချက်သည် ကွာခြားမှုရှိကြောင်း နှိုင်းယှဉ်ပြသော အပိုဒ်တွင်–

**…လူစွမ်းသဘွယ်၊ ပျိုနုနယ်က၊ စင်ကြယ်**
**သိမ်မွေ့၊ ရသေ့ရဟန်း၊ ဖြစ်ထွန်းလေငြား၊ ထိုသူ့**
**အားကို၊ ဘုရားကစ၊ ပဏ္ဍိတတို့၊ လွန်လှ**
**ကြည်ညို၊ ချီးမွမ်းဆို၏။ ထိုကိုစာနာ၊ ငယ်သော**
**ခါက၊ သဒ္ဓါနိုးပင့်၊ တရားကျင့်လိမ့်၊ သက်ရင့်**
**မကြီး၊ လ မီတည်း…။**

ဟု ရေးသားထားချက်တွင် **“လ”** အသုံးတို့သည် ကွာခြားပါ၏။ ဤကဲ့သို့ **“လ”** အသုံးသည် အခြားပျို့ကဗျာလင်္ကာများတွင်လည်း ရှိပါ၏။

ရှင်ဥတ္တမကျော်၏ တောလား ကိုးပုဒ်ပါ အချပိုဒ် (၉) ပိုဒ်တွင်ပါသော **“လ”** သည် ရေးကဖော်ပြခဲ့သော အကြောင်းအရာများကို စုစည်းသော ငင်သော **“လ”** အက္ခရာဖြစ်ပေသည်။ ပါဠိသဒ္ဒါသုံးဝေါဟာရနှင့် ပြောရပါက **သမုစ္စည်း** ဟုခေါ်လေသည်။ သာဓကအနေနှင့်–

“ဘီလူးသွားကို **လ** ဖြဲတည်း” ဆိုသော အပိုဒ်တွင် ဒေါသစရိုက်ကြီးသည့် ဘီလူး အပါအဝင် ကုဝေရ၊ ယက္ခ၊ တာနော၊ ကုမ္ဘဏ္ဍ စသည့် နတ်ဘီလူးများသည် ဘုရားရှင်ကို ဖူးမြင်ရ၍ ဝမ်းမြောက်ဝမ်းသာ ရှိကြပုံကို တစ်ဦးတစ်ယောက်မျှသာမက အထက်ပါ နတ်ဒေဝတာ ဘီလူးများသည်လည်း ထိုကဲ့သို့ပင် ပြုံးရွှင်ကြည်နူးရှိကြပါကုန်၏ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

“ထို့အတူ မုဆိုးချုံက **လ**ချောင်းတည်း” ဆိုရာတွင်လည်း ဘုရားရှင်ကြွလာသောအခါ ငှက်ခပ်သမား သားငါးရှာ တံငါမုဆိုး ဒုစရိုက်မျိုးဖြင့် သက်မွေးကြကုန်သော သူတို့သည်လည်း ဘုရားရှင်၏ ဘုန်းတန်ခိုးတော်ကြောင့် ကြည်ညိုစိတ်ဖြင့် လေးမြား စသည်တို့ မမြင်ကွယ်ရာတွင် ဝှက်၍ ရက်ကြောက်ရွံ့ပြီး ပုန်းလျှိုးကွယ်လျှိုး သဒ္ဓါလှုုလု ပူဇော်မှုဖြင့် ထောကုတောင်ရိုး ခင်တန်းကုန်းချုံကြားများမှချောင်း၍ ရှိခိုးကြည်ညိုကြပုံကို ရေးဖွဲ့ထားခြင်းဖြစ်လေသည်။ မုဆိုး ငှက်ခပ်သမားတို့သာမက အခြားသူများလည်း ထိုသို့ပင် ချောင်း၍ ချောင်း၍ ကြည်ညိုကြပုံကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ထို့ကြောင့် **“လ”** သည် မုဆိုးချုံက ချောင်းချောင်းတည်းဟူသော ထပ်ဆင့်ဆိုရန်ကို ညွှန်းသည်ဟု ဆိုရာ၏။ ထိုသို့ပင် အခြားအကြောင်းအရာ အပိုဒ်များကိုလည်း ဤသို့ပင် ရွတ်ဖတ်ရာ၏။ (နောင်အကျယ် ဖော်ပြပါမည်)

မြန်မာစာ မြန်မာမှုကား ကျယ်ပြန့်ပါ၏။ ဂုဏ်ရသအလင်္ကာများဖြင့် ထုံမွမ်းသော ဤတောလားကြီး (၉) ပုဒ်အချကို ဖော်ပြပါမည်။ စာရှုသူများ ပဟေဠိ၊ အာမေဋ္ဍိတ်၊ ကိလိဋ္ဌဖြင့် ဤစာ၏ မူရင်းစာပိုဒ်များကို ရှာဖွေဖတ်ရှုမှု ပြုနိုင်ကြပါစေ… မြန်မာစာ မြန်မာမှုများ၏ လေးနက်မှုများကို မြတ်နိုးနိုင်ကြပါစေ တပေါင်းလ စာအလင်္ကာများကို နိဂုံးချုပ်အပ်ပါသည်။

အချပိုဒ် (၉) ပိုဒ် –

(၁) စက်ဆယ်နှစ်လီ၊ ဒွာဒသီဝယ်…အစချီ…
**သီးမျိုးခိုင်ညှာ လပြွတ်တည်း…။ ။**

(၂) စကြာဝဠာ၊ အာဏာဇာတိ…အစချီ…
**ဘီလူးသွားကို လဖြဲတည်း…။ ။**

(၃) ဝဿန်ဟေမ၊ ဂိမှအပြင်…အစချီ…
**တောကြက်တောင်ပ လဖြုန်းတည်း…။ ။**

(၄) တထာကတ၊ နှိုင်းဆမမြော်…အစချီ…
**မုဆိုးချုံက လချောင်းတည်း…။ ။**

(၅) အနုတ္တရ၊ တိလောကဟု…အစချီ…
**မိုးမှာရွှေကြယ် လဥတည်း…။ ။**

(၆) မြသယမ္ဘူ၊ ထွက်မှန်ကူလည်း…အစချီ…
**ရွှေဖောင်မြစ်ညာ လဆန်တည်း…။ ။**

(၇) မဟာသကျ၊ မုနိန္ဒဟု…အစချီ…
**တရားဓားသို့ လထက်တည်း…။ ။**

(၈) ဗျာဒိတ်ဩဘာ၊ မင်္ဂလာဖြင့်…အစချီ…
**ပြုစုပျိုးထောင် လမွေးတည်း…။ ။**

(၉) နှောင်းဖြစ်အလာ၊ မိတေယျာလျှင်…
အစချီ…
**မြဲစွာဖြစ်လိမ့် လမှန်တည်း…။ ။**

# ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆေးဝါးများ၊ ဆေးဝတ်၊ ဆေးပတ်တီးများနှင့် ဆေးရုံသုံးပရိဘောဂပစ္စည်းများ ထုတ်လုပ်ရောင်းချမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဧပြီ ၁၂**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆေးဝါးများ၊ ဆေးဝတ်၊ ဆေးပတ်တီးများနှင့် ဆေးရုံသုံး ပရိဘောဂပစ္စည်းများ ထုတ်လုပ်ရောင်းချမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့မှ ထုတ်လုပ်သော ဆေးဝါးများနှင့် ဆေးရုံသုံးပစ္စည်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ လိုအပ်ချက်အပေါ် မူတည်ပြီး ထုတ်လုပ်ရောင်းချပေးနိုင်မှု၊ ထုတ်လုပ်ပေးနိုင်မည့် အချိန်ကာလ၊ အရေအတွက်၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများနှင့်ဆေးဝတ်ပတ်တီးများကို ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့များသို့ အမှာစာများအရ အဓိကဦးစားပေးထုတ်လုပ်ရောင်းချပေးလျက်ရှိပါကြောင်း၊ ပိုလျှံသည့်ဆေးဝါးများကို အရောင်းကိုယ်စားလှယ်များ၊ BPI ဆေးဝါးအရောင်းဆိုင်များမှတစ်ဆင့် ပြည်သူများထံသို့ ဖြန့်ဖြူးရောင်းချပေးပြီး ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း။

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းအနေဖြင့် ဆေးရုံသုံးပရိဘောဂပစ္စည်း၊ ဆေးဝတ်နှင့် ဆေးပတ်တီးများ၊ အထည်အလိပ်နှင့် အဝတ်အထည်များကို ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ အမှာစာရရှိမှုအရ ထုတ်လုပ်ရောင်းချပေးနေလျက်ရှိပြီး ပြည်သူလူထု၏လိုအပ်ချက်အရ လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချပေးလျက် ရှိပါကြောင်း၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်း၊ စက်ပစ္စည်းများသည် ပြည်ပမှ တင်သွင်းရခြင်းဖြစ်သည့်အတွက် သွင်းကုန်လိုင်စင်ဆောလျင်စွာ ရရှိရေးအတွက် ကုန်သွယ်ရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ဆက်လက်၍ ကူညီပံ့ပိုးပေးစေလိုပါကြောင်း၊ ပြည်ပမှ ဆေးဝါးကုန်ကြမ်းပစ္စည်းများ တင်သွင်းရာတွင် FDA ၏ ထောက်ခံချက်ရယူရန် လိုအပ်ပါ၍ FDA အနေဖြင့် ဆောလျင်စွာရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ဆေးရုံသုံးပရိဘောဂပစ္စည်းများနှင့် ဆေးဝါးများဝယ်ယူရေးဆောင်ရွက်ရာတွင် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သောဆေးဝါးများအား အဓိကဦးစားပေးဝယ်ယူလျက်ရှိပြီး ပြည်တွင်း၌ ထုတ်လုပ်ခြင်းမရှိသည့် ဆေးဝါးများကိုသာ ပြည်ပမှ တင်သွင်းလျက်ရှိကြောင်း၊ စက်မှုဝန်ကြီးဌာန၏ ဆေးဝါးများသည် အရည်အသွေးစိတ်ချရသည့်အပြင် ကောင်းမွန်သောထုတ်လုပ်မှုစနစ်ဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သဖြင့် စိတ်ချယုံကြည်စွာသုံးစွဲနိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများက ဆေးဝါးထုတ်လုပ်ရေးနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့်အခြေအနေ၊ ကြုံတွေ့နေရသည့်အခက်အခဲနှင့်ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ အထွေထွေမန်နေဂျာက ဆေးရုံသုံးခုတင်နှင့်ဆက်စပ်ပစ္စည်းများ မှာယူသည့်အမှာစာအပေါ် ထုတ်လုပ်ပေးနိုင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်ချက်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည့် အချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးသည် ဆေးဝါးထုတ်လုပ်သူများနှင့် ဝယ်ယူသုံးစွဲလျက်ရှိသည့် ဌာနကြီးများအကြား လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းအဖြေရှာပေးရန် ကျင်းပသည့်အစည်းအဝေးဖြစ်ပါကြောင်း၊ ယနေ့ ဆွေးနွေးချက်များအပေါ် အခြေခံ၍ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းရှင်များအားလုံးပါဝင်သည့် အစည်းအဝေးတစ်ရပ် ထပ်မံပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်း၌ လိုအပ်လျက်ရှိသည့်ဆေးဝါးအမယ်သစ်များ ထပ်မံထုတ်လုပ်ပေးနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ရှာဖွေသွားရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်မီသော ဆေးဝါးများထုတ်လုပ်နိုင်ရေးအတွက် ပိုမိုအထောက်အကူဖြစ်စေရန် ဆေးဝါးအင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်ပေးလျက်ရှိသည့် ဆေးဝါးများကို အဓိကဝယ်ယူလျက်ရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ကျန်းမာရေးဝန်ကြီးဌာနတို့၏ လိုအပ်ချက်များအပေါ် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲအခမ်းအနားတွင် ပြခန်းပေါင်း ၈၀ ဝန်းကျင် ပါဝင်မည်

**နေပြည်တော် ဧပြီ ၁၂**

လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲအခမ်းအနားတွင် ပြခန်းများ ခင်းကျင်းပြသမှုနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်က နိုင်ငံတော်အကြီးအကဲထံမှ လူရည်ချွန်လူငယ်မောင်မယ်များ သြဝါဒခံယူပွဲတွင် ပြခန်းများပြသနိုင်ရေး ကြိုတင်သိရှိညှိနှိုင်းနိုင်စေရန် အစည်းအဝေးခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ ယခုနှစ်တွင် လူငယ်ကဏ္ဍနှင့် ပတ်သက်၍ အနှစ်သာရပေါ်လွင်အောင် ဖော်ဆောင်သွားမည်ဖြစ်ပြီး လူငယ်များ၏ စိတ်တွင် စွဲမြဲသိမှတ်သင့်သည်ကို စွဲမြဲသိရှိသွားစေရန် အသိပညာပေးပြခန်းများ၊ ဖျော်ဖြေရေး အစီအစဉ်များကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါကြောင်း။

ပြခန်းပေါင်း ၈၀ ဝန်းကျင် ပါဝင်မည်ဖြစ်ပြီး ပြခန်းများတွင် လူရည်ချွန်အဆင့်နှင့် လျော်ညီသည့် သိသင့်သိထိုက်သောအသိပညာပေးပြကွက်များကို ပြသနိုင်စေရန်နှင့် လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး အတွေးအခေါ်မှန်ကန် ရင့်ကျက်သည့် အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်လာစေရေးစိတ်ဓာတ်နှင့် ခံယူချက်များ မြင့်မားတိုးတက်လာစေရန် စသည့် အချက်များပါဝင်ပြသနိုင်အောင် စီစဉ်ဆောင်ရွက်ကြစေလိုပါကြောင်းနှင့် ပြခန်းခင်းကျင်းပြသနိုင်ရေး နေရာချထားမှုအခြေအနေများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။**(အပေါ်ယာပုံ)**

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က လူရည်ချွန်လူငယ်မောင်မယ်များ တွေ့ဆုံပွဲတွင် ပြခန်းများ ပြသရသည့် ရည်ရွယ်ချက်၊ အသိပညာပေးပြခန်းပြသမည့်အစီအစဉ်၊ ပါဝင်မည့် အသိပညာပေးပြကွက်များ၊ ပြခန်းများနေရာချထားမည့် လျာထားအစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-2) တို့မှ တာဝန်ရှိသူများက လူငယ်များ အသိပညာဗဟုသုတတိုးပွားစေရေး အထောက်အကူပြုစေမည့် ပြခန်းများပြသနိုင်ရေး၊ ပြသမည့် အစီအစဉ်၊ ပြခန်းအရေအတွက်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြခန်းများ ပြင်ဆင် ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

နိုင်ငံတစ်ဝန်းမှ လူရည်ချွန်မောင်မယ်များအား နိုင်ငံတော်၏ သမိုင်းဖြစ်စဉ်များနှင့် အနာဂတ်နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်များကို သိရှိစေပြီး နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အကြီးအကဲထံမှ လူရည်ချွန်လူငယ်မောင်မယ်များ သြဝါဒခံယူပွဲတွင် အသိပညာပေးပြခန်းများကို ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း၊ ပြခန်းများတွင် နိုင်ငံတော်၏ သမိုင်းဖြစ်စဉ်များနှင့် အနာဂတ်နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်များ အသိပညာပေးပြကွက်၊ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေသော နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများပြကွက်နှင့် လူရည်ချွန်တွေ့ဆုံပွဲသတင်းမှတ်တမ်းများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Colonel General Alexander V.Fomin အား ဂါရဝပြုတွေ့ဆုံ၊ ဒုတိယအကြိမ် ရုရှား - မြန်မာ ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေး၊ အစည်းအဝေးမှတ်တမ်း လက်မှတ်ရေးထိုးပွဲ ပြုလုပ်ကျင်းပ

**နေပြည်တော် ဧပြီ ၁၂**

ဒုတိယအကြိမ် ရုရှား-မြန်မာ ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေး ကော်မတီအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာန အမျိုးသားကာကွယ်ရေးစီမံခန့်ခွဲမှု ဗဟိုဌာန (National Defence Management Center-NDMC) သို့ သွားရောက်လေ့လာကြသည်။


**ရှင်းလင်းပြသ**

ဦးစွာ အမျိုးသားကာကွယ်ရေး စီမံခန့်ခွဲမှုဗဟိုဌာန ဒုတိယအကြီးအကဲ Lieutenant General Yuri KORSACHEV က နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ NDMC ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို အသေးစိတ် လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ရုရှားကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမသို့ သွားရောက်ကာ ဒုတိယအကြိမ် ရုရှား-မြန်မာ ပူးတွဲအကြမ်းဖက်မှု တိုက်ဖျက်ရေး ကော်မတီအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသည့် အထိမ်းအမှတ်အဖြစ် အစည်းအဝေးမှတ်တမ်းကို ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသော ရုရှားတပ်မတော် ဒုတိယကြည်းတပ်ဦးစီးချုပ် Lieutenant General Matovnikov Alexander Anatolyevich နှင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းတို့က သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

**လုံခြုံရေးနှင့် လေ့ကျင့်ရေးဆွေးနွေး**


ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားကာကွယ်ရေးဝန်ကြီးဌာန၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Colonel General Alexander V.Fomin အား ဂါရဝပြုတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား စစ်ဘက် နည်းပညာပူးပေါင်းဆောင်ရွက်မှု ပိုမို ခိုင်မာရေးအပါအဝင် လုံခြုံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး Colonel General Alexander V.Fomin က မြန်မာနိုင်ငံ၏ နှစ်သစ်ကူးသင်္ကြန်အခါသမယ ဆုမွန် ကောင်းတောင်းစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဒုတိယအကြိမ် ရုရှား-မြန်မာ ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသည့် အထိမ်းအမှတ် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးစဉ်။



ရုရှားတပ်မတော်ဒုတိယကြည်းတပ်ဦးစီးချုပ် Lieutenant General Matovnikov Alexander Anatolyevich နှင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့က ရုရှားကာကွယ်ရေးဝန်ကြီးဌာန၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Colonel General Alexander V.Fomin အား ဂါရဝပြုတွေ့ဆုံစဉ်။

# တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌ နွေရာသီသင်တန်းဆင်းပွဲများ ပြုလုပ်

**နေပြည်တော် ဧပြီ ၁၂**

ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အတတ်ပညာများတိုးပွားစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌ ဖွင့်လှစ်သင်ကြားခဲ့သည့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း၊ မြန်မာ့သိုင်းအခြေခံသင်တန်း၊ အင်္ဂလိပ်စာအခြေခံနှင့် စကားပြောသင်တန်းဆင်းပွဲများကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ရောဝတီခန်းမနှင့် တပ်နယ်အသီးသီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမနှင့် တပ်နယ်အသီးသီး၌လည်းကောင်း ပြုလုပ်ကြရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းများအလိုက် ဆုရရှိကြသည့် သင်တန်းသားသင်တန်းသူများကို ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





✽ *ကျောဖုံးမှ*

ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိကွင်းရှိ ဗဟို မဏ္ဍပ်၌ကျင်းပရာ ယိမ်းအဖွဲ့ ၂၆ ဖွဲ့၊ တစ်ပင်တိုင်အက ၁၂ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ကရင်ပြည်နယ်ရှိ သမီးပျိုလေးများ၊ ကိုယ်ပိုင် သံစဉ်ရေးစပ်သီကုံးသော ဂီတစာဆိုများ၊ အဆိုရှင် များက သင်္ကြန်ယိမ်းအကအလှများ၊ တစ်ပင်တိုင် သင်္ကြန်အကများဖြင့် အပြိုင်အဆိုင်ပါဝင်ယှဉ်ပြိုင် ကြရန်နှင့် အကဲဖြတ်ဒိုင်များက အမှတ်ပေးရွေးချယ်၍ ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်သင်္ကြန်ယိမ်းအဖွဲ့များ၊ တစ်ပင် တိုင်အကများက တက်တက်ကြွကြွဖြင့် အကောင်း ဆုံး ယှဉ်ပြိုင်ကြပြီး မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ကို ပျော်ရွှင်စွာဆင်နွှဲ၍ နှစ်သစ်တွင် ကောင်းကျိုး လိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြော ကြားသည်။ **(ယာပုံ)**

**ဖျော်ဖြေယှဉ်ပြိုင်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက မြန်မာ့ရိုးရာမဟာသင်္ကြန်ယိမ်းအကနှင့် တစ်ပင်တိုင် အကပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲ ကို စတင်ကျင်းပရာ ကိုယ်ပိုင်သံစဉ်ယိမ်းအဖွဲ့ သုံးဖွဲ့၊ ကော်ပီသံစဉ်ယိမ်းအဖွဲ့ ၁၀ ဖွဲ့၊ တစ်ပင်တိုင်အက ခြောက်ဖွဲ့တို့က ပြိုင်ပွဲပထမညအနေဖြင့် သီဆိုကပြ ဖျော်ဖြေယှဉ်ပြိုင်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့၊ ဘားအံမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ဒေသများမှ တိုင်းရင်းသားပြည်သူများ ကြည့်ရှု အားပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်မိသားစုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စေတနာရှင်/ ဝါသနာ ရှင်များက ပြိုင်ပွဲဝင်သင်္ကြန် ယိမ်းအကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**ရှင်းလင်းတင်ပြ**

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ မဟာသင်္ကြန်ပွဲတော်တွင် ဒုတိယအကြိမ် ထည့်သွင်းကျင်းပမည့် လမ်းလျှောက်သင်္ကြန်အား ပြည်သူတစ်ရပ်လုံးပါဝင်ဆင်နွှဲနိုင်ရန်နှင့် အောင်မြင်စွာ ကျင်းပနိုင်ရန် ဧပြီ ၁၂ ရက် နံနက်ပိုင်းက ဘားအံ မြို့ အမှတ်(၄)ရပ်ကွက် ကမ်းနားလမ်း(ဘားအံ- ထုံးအိုင် ကားလမ်းမကြီး) ခေမာလမ်းထိပ်မှ အင်ကုန်း လမ်းထိပ်အထိ စုစုပေါင်း ပေ ၁၀၀၀ ကျော်အား မုခ်ဦး အလှ၊ ပုသိမ်ထီးအလှ၊ ပိတောက်ပန်းအလှ၊ ရေပန်း အလှများဖြင့် တန်ဆာဆင် ပြင်ဆင်ဆောင်ရွက် ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူနှင့် တာဝန်ရှိသူများက ဘားအံမြို့ လမ်းလျှောက်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း**

(ပြန်/ဆက်)

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၂**



မန္တလေးတိုင်းဒေသကြီး ပြင်ဦး လွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူ နေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူ များကို ယနေ့နံနက်ပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါ ဖြစ်ပွားမှု၊ ဆေးကုသပေးထားမှု နှင့် ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရ ဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ် ကြီး ကိုကိုဦး၊ တိုင်းမှူးနှင့် တာဝန် ရှိသူများသည် ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့နှင့် တောင်ကြီးမြို့တို့ရှိ နယ်မြေခံ ဆေးတပ်ရင်း၊ ရန်ကုန်တိုင်း ဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကု ဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ နှင့် ပြည်မြို့ရှိ တပ်မတော်ဆေးရုံ တို့၌ တက်ရောက်ဆေးကုသမှု ခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှု ထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ က သွားရောက်ကြည့်ရှု၍ တစ်ဦး ချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါး ကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေ အနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြော ကြားပြီး အာဟာရဖြည့် စား သောက်ဖွယ်ရာများနှင့် ထောက်ပံ့ ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများ အတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင် ရွက်ပေးကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## အမျိုးသမီးများကို တရုတ်ယောကျ်ားနှင့်လက်ထပ်ရန် စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစား၍ အကျိုးအမြတ်ရယူရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၁၂**

အမျိုးသမီးများကို တရုတ်ယောကျ်ားနှင့် လက်ထပ်ရန်စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစား၍ အကျိုးအမြတ်ရယူရန် စီစဉ် ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်နေ မအားမွေ (ခ) အားမွေးနှင့် ရန်ကုန်တိုင်းဒေသကြီး သာကေတ မြို့နယ်နေ စိုင်းသီဟ (ခ) ဖိုးဇော်တို့က ရှမ်း ပြည်နယ် တာလေမြို့နယ်နေ မ---၊ ၂၂/၂၃ နှစ်အား တရုတ်ယောကျ်ားနှင့်လက်ထပ်ရန် စည်းရုံးပြောဆို ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစား၍ အကျိုး အမြတ်ရယူရန်စီစဉ်ခဲ့သဖြင့် ချမ်းအေးသာစံ မြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း(ပ) ၂၃၂/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မဟာအောင်မြေ ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၄ မေ ၁၀ ရက်တွင် တရားခံ မအားမွေ (ခ) အားမွေး အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်၊ စိုင်းသီဟ (ခ) ဖိုးဇော်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၇ အရ အလုပ်နှင့် ထောင်ဒဏ်သုံးနှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်နေ မအားမွေ (ခ) အားမွေးနှင့် ရန်ကုန်တိုင်းဒေသကြီး သာကေတ မြို့နယ်နေ စိုင်းသီဟ (ခ) ဖိုးဇော်တို့က ရှမ်း ပြည်နယ် ကျိုင်းတုံမြို့နယ်နေ မ---၊ ၂၂/၂၃ နှစ် အား တရုတ်ယောကျ်ားနှင့်လက်ထပ်ရန် စည်းရုံး ပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစား၍ အကျိုးအမြတ်ရယူရန် စီစဉ်ခဲ့သဖြင့် ချမ်းအေး သာစံမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်း(ပ) ၂၃၃/ ၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မဟာအောင်မြေ ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၄ မေ ၁၀ ရက်တွင် တရားခံ မအားမွေ (ခ) အားမွေး အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်၊ စိုင်းသီဟ(ခ) ဖိုးဇော်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၇ အရ အလုပ်နှင့် ထောင်ဒဏ်သုံးနှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့မျှော်စင် ဂျာနယ် ထွက်ရှိ




၁၅-၅-၂၀၂၄ ရက်နေ့ထုတ် အတွဲ (၂၁)၊ အမှတ် (၈) တွင်
- ကုသိုလ်ကောင်းမှု ထုံမွမ်းသည့် မြန်မာ့နှစ်သစ်ကူး
- သီးနှံများ၏ ပေါင်းအန္တရာယ် အချိန်မီနှိမ်နင်းကာကွယ်
- တောင်ပေါ်ဒေသထွက် အစားအစာ ဂျုံးမြစ်စိုက်ပျိုးနည်း
- သီးထပ်သီးညှပ် ဖရဲသီးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးပွားစေမည်
- ငါးပြေမငါး အသားတိုးမွေးမြူနည်း
- အရင်းအနှီးအနည်းငယ်ဖြင့် တစ်နိုင်တစ်ပိုင် ဆိတ်များမွေးမြူ
- နွေရာသီမှာ ကြုံရမည့် ကျန်းမာရေးပြဿနာများ
- ဆောင်းဖက်ဝင် မြင်းခွာရွက်အစွမ်း စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

တိုင်းရင်းသားရေးရာ အမှတ်(၁၄) (မတ်၊ ၂၀၂၄) Ethnic Affairs ထွက်ပြီ



"ယဉ်ကျေးမှုအာမွေအနှစ်နှင့် သမိုင်းတန်ဖိုး"

၂၀၂၄ ခုနှစ် မတ်လထုတ် တိုင်းရင်းသားရေးရာစာစောင် အမှတ်(၁၄)တွင်
- တိုင်းရင်းသားစုတို့၏ ပြည်ထောင်စု သို့မဟုတ် ပင်လုံစိတ်ဓာတ်
